International
Labour
Organization

# မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု – အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုဆိုင်ရာ လေ့လာချက်

အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး (မြန်မာနိုင်ငံ)

# မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု – အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုဆိုင်ရာ လေ့လာချက်

အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး (မြန်မာနိုင်ငံ)

မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု – အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုဆိုင်ရာ လေ့လာချက်

Copyright © အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၁

ဤစာစောင်ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးက ပုံနှိပ်ထုတ်ဝေထားပြီး၊ Universal Copyright Convention ၏ ပရိုတိုကောလ် (၂) အရ၊ မူပိုင်ခွင့်ရရှိထားသော စာစောင်ဖြစ်ပါသည်။ ဤစာစောင်မှ ကောက်နုတ်ချက်အချို့အားအသုံးပြုပါက၊ မူရင်းစာစောင်မှ အရင်းအမြစ်များကို ညွှန်းပြကိုးကားထားလျှင် ခွင့်ပြုချက်တောင်းခံရန်မလိုပါ။ သို့သော်၊ ပြန်လည်ထုတ်ဝေခွင့် သို့မဟုတ် ဘာသာပြန်ခွင့်အတွက်ဆိုပါမူ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ပုံနှိပ်ထုတ်ဝေသည့် (ထုတ်ဝေခွင့်နှင့် လိုင်စင်) ဌာန (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH1211, Switzerland လိပ်စာဖြင့်သော်လည်းကောင်း၊ email : rights@ilo.org သို့လည်းကောင်း လျှောက်ထားနိုင်သည်။

ဤရည်ရွယ်ချက်အလို့ငှာ၊ ယင်းတို့ကိုထုတ်ဝေထားသည့် လိုင်စင်များနှင့်အညီ၊ ပြန်လည်ထုတ်ဝေခွင့်ရသည့် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့် အခြားသော အသုံးပြုသူများအနေဖြင့် မိတ္တူပွားနိုင်ပါသည်။ သင့်နိုင်ငံရှိ ပြန်လည်ထုတ်ဝေခွင့်ရသည့် အဖွဲ့အစည်းများကိုရှာဖွေရန် www.ifrro.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

အင်္ဂလိပ်ဘာသာဖြင့်

ISBN: 9789220349342 (Print)

ISBN: 9789220349359 (Web PDF)

မြန်မာဘာသာဖြင့်

ISBN: 9789220349366 (Print)

ISBN: 9789220349373 (Web PDF)

---

အိုင်အယ်(လ်)အိုက ထုတ်ဝေရာတွင် ကုလသမဂ္ဂက ထုတ်ဝေသည့်ပုံစံများအတိုင်း ထုတ်ဝေခြင်းဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ အယူအဆ၊ မည်သူတစ်ဦးတစ်ယောက်၏ အတွေးအခေါ်၊ မည်သည့်နိုင်ငံ၊ နယ်ပယ် သို့မဟုတ် နယ်မြေ သို့မဟုတ် နယ်စပ်ရှိ အာဏာပိုင်တို့၏ အတွေးအခေါ် အယူအဆများ မပါဝင်ပါ။

အခြားစာရေးဆရာများ၏ ပါဝင်ရေးသားမှု၊ ဆောင်းပါးများ၊ လေ့လာချက်များသည် စာရေးသူတစ်ဦးချင်းစီ၏ ယူဆချက်များသာဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံးက လက်မှတ်ရေးထိုးထောက်ခံထားခြင်းမရှိပါ။

အဖွဲ့အစည်းများ၏ အမည်များ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များအားဖော်ပြရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးက ထိုအဖွဲ့အစည်းများအား ထောက်ခံခြင်းဖြစ်သည်ဟု မဆိုလိုသကဲ့သို့ ဖော်ပြရန်ကျန်ခဲ့ပါကလည်း အဆိုပါအဖွဲ့များအား မထောက်ခံဟု မဆိုလိုပါ။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးအဖွဲ့က ထုတ်ဝေထားသည့် သတင်းအချက်အလက်များနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များအကြောင်းကို www.ilo.org/publns တွင် ကြည့်ရှုနိုသည်။

---

မြန်မာပြည်တွင် ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

အိုင်အယ်(လ်)အိုအတွက် ဤသုတေသနကို ဂျာမဏီနိုင်ငံ၏ စီးပွားရေးမူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖက်ဒရယ်ဝန်ကြီးဌာန (BMZ) ကိုယ်စား Deutsche Gesellschaft Fur Internationale Zusammenarbeit (GIZ) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် စီးပွားနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရးဗဟိုဌာန (CESD) က ဆောင်ရွက်ခဲ့ပါသည်။

ဤအစီရင်ခံစာထွက်ပေါ်လာရေးအတွက် တန်ဖိုးရှိလှသည့် ပါဝင်ဖြည့်ဆည်းဆောင်ရွက်မှုများကို အိုင်အယ်(လ်)အို၏ အာရှ–ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ကျွမ်းကျင်ပညာရှင်များ၊ အိုင်အယ်(လ်)အို (ရန်ကုန်) ရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံစက်မှုလက်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM)၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS–TUsF) နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဤသုတေသနလေ့လာမှုအတွက် ရလဒ်များကိုပုံဖော်ပေးခဲ့သည့် အတွေ့အကြုံများကို အချိန်ပေးဝေမျှပေးခဲ့သည့် နိုင်ငံတကာ ကုန်အမှတ်တံဆိပ်များ၊ ကုမ္ပဏီများနှင့် အလုပ်သမားများအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

# စကားချီး

ကိုဗစ်–၁၉ ကပ်ရောဂါသည် အထည်ချုပ်လုပ်ငန်းကဏ္ဍကို ရိုက်ခတ်ခဲ့ပြီးဖြစ်သလို၊ ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်၏ ကဏ္ဍတိုင်းတွင် ယင်း၏ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ကြရသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ နိုင်ငံတွင် အလုပ်အကိုင်များနှင့် အသက်မွေးမှုအတွက် အဓိကဖြည့်ဆည်းဆောင်ရွက်ပေးသည့် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ယင်းကပ်ရောဂါကို လွှဲရှောင်၍မရဘဲ၊ ကပ်ရောဂါကိုတုန့်ပြန်ရန်နှင့် ပြန်လည်နလန်ထူရန်အတွက် အရေးပါသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ဂျာမဏီနိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖက်ဒရယ်ဝန်ကြီးဌာန (BMZ) ကိုယ်စား Deutsche Gesellschaft Fur Internationale Zusammenarbeit (GIZ) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အိုင်အယ်(လ်)အိုသည် အထည်ချုပ်လုပ်ငန်းကဏ္ဍအပေါ် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုနှင့်စပ်လျဉ်းသည့် လေ့လာမှုနှစ်ခုပြုလုပ်ရန် လုပ်ငန်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ဤလေ့လာမှုသည် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်ချိန်အတွင်း မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများနှင့် အလုပ်သမားများ၏ တွေ့ကြုံခံစားမှုများကို လေ့လာဖော်ထုတ်ထားပါသည်။ ယင်းလေ့လာမှုသည် လုပ်ငန်းကဏ္ဍ၏ ခုခံနိုင်မှု အားနည်းခြင်းများနှင့် စက်ရုံများကြုံတွေ့ခဲ့ရသည့် ကုန်ထုတ်လုပ်မှုမသေချာမရေရာမှုများနှင့်အတူ၊ အလုပ်သမားများ၏ ဝင်ငွေများနှင့် အလုပ်ချိန်များကို အထင်အရှားရိုက်ခတ်မှုများနှင့်ပတ်သက်ပြီး ဆန်းစစ်ဖော်ပြထားကာ၊ အလုပ်သမားများ၏ ကောင်းကျိုးချမ်းသာမှုအပေါ် ကိုဗစ် – ၁၉ ၏ အပျက်သဘောဆောင်သည့် ရိုက်ခတ်မှုများကို ဖော်ပြထားပါသည်။

**Donglin Li**

**အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိ/ကိုယ်စားလှယ်**

# မာတိကာ


၁။ နိဒါန်း ၁

၂။ ဤသုတေသနလေ့လာမှု၏ ရည်ရွယ်ချက် ၃

၂.၁။ နည်းစနစ် ၃

၂.၂။ တုန့်ပြန်ဖြေကြားသူများ၏ ထူးခြားသည့်လက္ခဏာများ ၄

၃။ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအားခြုံငုံသုံးသပ်ခြင်း ၆

၃.၁။ ကိုဗစ် – ၁၉ မတိုင်မီ အထည်ချုပ်လုပ်ငန်း တိုးတက်ဖြစ်ထွန်းမှု ၆

၃.၂။ အထည်ချုပ်လုပ်ငန်းအပေါ် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု ၇

၃.၃။ မြန်မာအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုဗစ် – ၁၉ ဆိုင်ရာ မူဝါဒများ ၉

၃.၄။ ကုန်ထုတ်လုပ်မှုအဆင့်များနှင့် ကပ်ရောဂါ ၁၀

၄။ အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် ယင်းလုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၏ ထိလွယ်ခိုက်လွယ်ရှိမှု ၁၂

၄.၁။ အလုပ်ချိန်နှင့် အခကြေးငွေများအပေါ် ရိုက်ခတ်မှု ၁၂

အလုပ်ချိန် ၁၂

အခကြေးငွေများ ၁၅

၄. ၂။ အလုပ်အကိုင်အဆင့်များနှင့် လုပ်ငန်းခွင်အခြေအနေများ ၂၀

အလုပ်အကိုင်လျှော့ချခြင်း ၂၀

လုပ်ငန်းခွင်အခြေအနေများ ၂၄

၅။ နိဂုံး ၂၆

၆။ မှီငြမ်း ၂၈

# ▶ ၁။ နိဒါန်း

အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၏ ကောင်းကျိုးချမ်းသာသည် ကမ္ဘာ့ဖက်ရှင်ဒီဇိုင်း ချုပ်လုပ်သည့် စက်မှုလုပ်ငန်းတွင်ဖြစ်ပေါ်သည့် ယေဘုယျစိန်ခေါ်မှုများအပေါ်တွင် မည်မျှမူတည်နေကြောင်းကို ကိုဗစ် –၁၉ ကမ္ဘာ့ကပ် ရောဂါက သရုပ်ပုံဖော်ပြသခဲ့ပြီးဖြစ်ပါသည်။[1] မြန်မာနိုင်ငံ၏ ပို့ကုန်ဦးစားပေးအထည်ချုပ်လုပ်ငန်းကဏ္ဍ[2]တွင် လုပ်သားထုအင်အား ၆၀၀၀၀၀ ကျော်ရှိကြောင်းနှင့်၊ ဤအလုပ်သမားများသည် ၂၀၂၀ ခုနှစ်အတွင်း အထည်ချုပ်လုပ်ငန်းရှိ ဝယ်လိုအားနှင့် ရောင်းလိုအားနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ဖြစ်ပေါ်မှုများကြောင့် ထိခိုက်ခံစားမှုများ ကြုံတွေ့ခဲ့ရကြောင်း အစီရင်ခံဖော်ပြထားပါသည်။

အထည်အလိပ်၊ အဝတ်အထည်နှင့် ဖိနပ်ပစ္စည်းများ လက်လီကုန်သွယ်မှုနှင့်ပတ်သက်ပြီး ၂၀၁၉ ခုနှစ်၊ မေလနှင့်နှိုင်းယှဉ်ပါက၊ ၂၀၂၀ ခုနှစ်၊ မေလကုန်သွယ်မှုပမာဏသည် ၅၀.၅ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဥရောပသမဂ္ဂက အစီရင်ခံဖော်ပြထားပါသည်။[3] ကပ်ရောဂါဖြစ်ပေါ်နေအချိန်အတွင်း ဝယ်ယူသုံးစွဲသူများ၏ ဝယ်လိုအားကျဆင်းမှုများနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်ဖြန့်ဖြူးမှု ကွင်းဆက်များတွင် အနှောင့်အယှက်ဖြစ်ပေါ်မှုများသည် အလုပ်သမားများ၏ အသက်မွေးမှုများ ခြိမ်းခြောက်ခံနေရခြင်းနှင့် ထောင်ပေါင်းများစွာသော အလုပ်သမားများကို မရေရာမသေချာသည့် ဘဝအခြေအနေတွင် ရှိနေစေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း ဤရိုက်ခတ်မှုများမှ ကင်းလွတ်ခြင်းမရှိခဲ့ဘဲ၊ ၂၀၂၀ ခုနှစ်တွင် မသေချာမရေရာ မှုများ၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုအရေအတွက် များပြားလာခြင်း၊ လုပ်သားထုအင်အား လျှော့ချခြင်းများနှင့် အလုပ်သမားများ၏ အခကြေးငွေလျှော့ချခြင်းများ ကြုံတွေ့ခံစားခဲ့ရပါသည်။ ထိုကဲ့သို့သော အနှောင့်အယှက်ဖြစ်ပေါ်မှုသည် အချို့သော စက်ရုံများတွင် ကုန်ပစ္စည်းမှာယူမှု နည်းပါးသည့်အချိန်ကာလနှင့် ကြုံကြိုက်နေပြီး၊ စက်ရုံများ ယာယီပိတ်ခြင်း သို့မဟုတ် အပြီးပိတ်သိမ်းခြင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင်၊ မြန်မာအစိုးရသည် အလျင်အမြန်ပြောင်းလဲနေသည့်ဝန်းကျင်တွင် ကိုဗစ် – ၁၉ ဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နပန်းလုံးနေရပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MoLIP) နှင့် ဒေသဆိုင်ရာအစိုးရတို့သည် အထည်ချုပ်လုပ်ငန်းကဏ္ဍကဲ့သို့သော စီးပွားရေးအတွက် အဓိကကျသည့်လုပ်ငန်းကဏ္ဍများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရေးကို အဓိထားဆောင်ရွက်နေရသော်လည်း၊ ကိုဗစ် – ၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှု ရပ်တန့်စေရန်အတွက် အထည်ချုပ်စက်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများကို အလေးထား ဆောင်ရွက်ခဲ့ပါသည်။

ဤသုတေသနလေ့လာမှုအစီရင်ခံစာက မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အလုပ်သမားများ၏ ဝင်ငွေအပေါ် ကိုဗစ် – ၁၉ ရိုက်ခတ်မှုနှင့်စပ်လျဉ်း၍ သုတေသနစစ်တမ်းကောက်ယူခြင်းနှင့် လူတွေ့မေးမြန်းခြင်းတို့မှ တွေ့ရှိချက်များကို

1 ဤသုတေသနလေ့လာမှုရည်ရွယ်ချက်အလို့ငှာ၊ အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ISIC အရ၊ အထည်အလိပ်ကုန်ထုတ်လုပ်မှု စည်းမျဉ်း ၁၄ ကို ရည်ညွှန်းပါသည်။
2 မြင့်စိုး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ၂၀၁၉ ခုနှစ်။
3 EuroStat, 2020

ဖော်ပြထားပါသည်။ ဤအစီရင်ခံစာ၏ ပထမအပိုင်းသည် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် စီးပွားရေးအတွက် ယင်းလုပ်ငန်းကဏ္ဍ၏ဖြည့်ဆည်းပံ့ပိုးမှုအနေအထားနှင့်ပတ်သက်ပြီး ခြုံငုံသုံးသပ်မှုကို ဖော်ပြထားပါသည်။ ဒုတိယအပိုင်းသည် အလုပ်သမားများနှင့်ပတ်သက်ပြီး ကောက်ယူထားသည့် အချက်အလက်များနှင့် စီမံဆောင်ရွက်ထားသည့် သုတေသနဆောင်ရွက်မှုတို့ကို ဖော်ပြထားပါသည်။ တတိယအပိုင်းသည် ကိုဗစ် – ၁၉ မတိုင်မီနှင့် ကိုဗစ် – ၁၉ ဖြစ်ပေါ်နေစဉ် အချိန်အတွင်း အလုပ်သမားများကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို အလေးထား ဖော်ပြထားပါသည်။ နောက်ဆုံးအပိုင်းသည် ဤလေ့လာမှုမှ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။

# ၂။ ဤသုတေသနလေ့လာမှု၏ ရည်ရွယ်ချက်

## ၂.၁။ နည်းစနစ်

ဤသုတေသနလေ့လာမှုကို လုပ်ဆောင်ရန်အတွက် အဓိကအချက်အလက်များနှင့် ဆင့်ပွားအချက်အလက်ကောက်ယူသည့် နည်းစနစ်နှစ်မျိုးလုံးကို အသုံးပြုခဲ့ပါသည်။ အဓိကအချက်အလက်များသည် အထည်ချုပ်အလုပ်သမားစစ်တမ်းကောက်ယူမှုအပေါ်တွင် မူတည်ပြီး၊ ဆင့်ပွားအချက်အလက်များသည် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ကိုဗစ် – ၁၉ ရိုက်ခတ်မှု၏ ကြီးမားပေါ်လွင်သည့် ရုပ်ပုံကို ဖော်ပြပေးပါသည်။ အစီရင်ခံစာသည် ၂၀၂၀ ခုနှစ်တွင်ဖြစ်ပေါ်သည့်အခြေအနေကို သိရှိနားလည်ရန်အတွက် စာအုပ်စာတမ်းပြန်လည်ဆန်းစစ်မှုချဲ့ထွင်ဆောင်ရွက်မှုကို ဖြည့်ဆည့်ဆောင်ရွက်သော ယင်း၏ အဓိကအချက်နှင့်ကိုက်ညီသည့် ဆောင်းပါးများနှင့် အစီရင်ခံစာများကိုလည်း အလေးထားအာရုံစိုက်ကာ၊ ဆက်စပ်သည့် ဖြစ်ရပ်လေ့လာမှုများကိုလည်း စူးစမ်းရှာဖွေဖော်ထုတ်ပါသည်။

စိစစ်စိတ်ဖြာမှု အထောက်အထားခိုင်လုံမှုရှိစေရန်အတွက် အရေအတွက်ပမာဏပြည့်စုံသည့် သုတေသနစစ်တမ်းကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၅ ရက်မှ ဩဂုတ်လ ၁ ရက်အထိပြုလုပ်ခဲ့ပါသည်။ ယင်းကို ရန်ကုန်မြို့၏ မတူညီသောနေရာများတွင် တည်ရှိသော (ဇယား – ၁ တွင်ကြည့်ရှုပါ) စက်ရုံပေါင်း ၇၂ ရုံ (မြန်မာနိုင်ငံရှိ ပို့ကုန်ဦးစားပေးစက်ရုံစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်[4]) တွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမား ၁၅၆ ဦးနှင့်တွေ့ဆုံပြီး ဆောင်ရွက်ခဲ့ပါသည်။ ဤလေ့လာမှုနှင့် ပတ်သက်ပြီး၊ အလုပ်လုပ်ကိုင်နေသည့် အထည်ချုပ်အလုပ်သမားများအနေဖြင့် စစ်တမ်းကောက်ယူရာတွင် ပါဝင်ဖြေကြားရန်အချိန်မပေးနိုင်သဖြင့် ဖြစ်နိုင်ခြေရှိသည့် နမူနာပုံစံနည်းစနည်းကို လုံလောက်သည့် နမူနာပုံစံမူဘောင်တစ်ရပ်အဖြစ် အသုံးမပြုခဲ့ပါ။

အလုပ်သမားများအား ရွေးချယ်မှုသည် စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက ပြုလုပ်ထားသော ဆက်သွယ်ရမည့် အလုပ်သမားစာရင်းကို အခြေခံပါသည်။ ယင်းအလုပ်သမားများသည် ယခင်လေ့လာမှုများတွင် လူတွေ့မေးမြန်းရာတွင် ပါဝင်ခဲ့ကြသူများဖြစ်ပါသည်။ အလုပ်သမားများ၏ အခကြေးငွေများနှင့် အခြားသောငွေကြေးအကျိုးခံစားခွင့်များနှင့်ပတ်သက်ပြီး၊ ကိုဗစ် – ၁၉ မတိုင်မီအချိန်နှင့် ၂၀၂၀ ခုနှစ်၊ ဇွန်လအချိန်တို့ကို နှိုင်းယှဉ်ရန်အတွက် တုန့်ပြန်ဖြေကြားသူသည် ရန်ကုန်မြို့ရှိစက်ရုံတစ်ရုံတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၇ လရှိသူဖြစ်ရန် လိုအပ်ပါသည်။ ထိုသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသောသူများကို သုတေသနလေ့လာမှုအတွက် ရွေးချယ်ခြင်းမပြုပါ။

အရေအတွက်ပမာဏ ပြည့်စုံသည့် သုတေသနစစ်တမ်းကောက်ယူမှုအပြင်၊ ဤလေ့လာမှုသည် အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် အလုပ်ရှင် ၆ ဦး၊ အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားနှစ်ဦး၊ အလုပ်ထုတ်ပယ်ခံထားရသည့် အလုပ်သမား ၃ ဦး၊ နိုင်ငံတကာကုန်အမှတ် တံဆိပ် နှစ်ခုမှ ကိုယ်စားလှယ်များ၊ အလုပ်သမားသမဂ္ဂများနှင့် အဖွဲ့လိုက်ဆွေးနွေးမှုနှစ်ကြိမ်ပြုလုပ်ခြင်းတို့ဖြင့် ပိုမိုနက်ရှိုင်းထိရောက်သည့် အရည်အသွေးပြည့်စုံသည့် လူတွေ့

4 မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏အဆိုအရ၊ ၂၀၂၀ ခုနှစ်၊ မတ်လမှစ၍ ဖြတ်၊ ချုပ်၊ ထုပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စက်ရုံပေါင်း ၄၈၈ ရုံရှိပါသည်။

မေးမြန်းမှုများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ လူတွေ့မေးမြန်းမှုများသည် အလုပ်သမားများအပေါ် ကိုဗစ် – ၁၉ ၏ ရိုက်ခတ်မှု၊ အလုပ်ချိန်ပြောင်းလဲမှုများ၊ အလုပ်လုပ်ကိုင်သည့်ရက်အရေအတွက်၊နှင့် ဤအချိန်ကာလအတွင်း အလုပ်သမားများ ကြုံတွေ့ရသည့်စိန်ခေါ်မှုများတို့နှင့်စပ်လျဉ်း၍ သိမြင်နားလည်မှုတို့ကို ဖြည့်ဆည်းပံ့ပိုးပေးပါသည်။

ဤအစီရင်ခံစာတွင်၊ လေ့လာမှုပြုလုပ်နေစဉ်အတွင်း မြန်မာကျပ်ငွေ (MMK) ဖြင့် ဖော်ပြထားသည့် ကိန်းဂဏန်းမှန်သမျှကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းဖြစ်သော အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၃၉၆. ၃၈ ကျပ်နှုန်းဖြင့် ပြောင်းလဲထားပါသည်။ ယင်းငွေကြေး လဲလှယ်မှုနှုန်းသည် ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ပျမ်းမျှလဲလှယ်နှုန်းဖြစ်ပါသည်။[5]

### ဇယား (၁) သုတေသနစစ်တမ်းကောက်ယူရာတွင်တုန့်ပြန်ဖြေကြားခဲ့သည့် အလုပ်သမားများ အလုပ်လုပ်ကိုင်သော စက်ရုံများ၏ တည်နေရာများ

| မြို့နယ်များ | အလုပ်သမားအရေအတွက် |
|---|---|
| လှိုင်သာယာ | ၆၂ |
| မင်္ဂလာဒုံ | ၂၂ |
| ရွှေပြည်သာ | ၁၄ |
| မြောက်ဥက္ကလာပ | ၁၃ |
| မှော်ဘီ | ၁၁ |
| တောင်ဒဂုံ | ၉ |
| ဒဂုံမြို့သစ် | ၇ |
| သန်လျင် | ၆ |
| အခြားမြို့နယ်များ | ၁၂ |

## ၂.၂။ တုန့်ပြန်ဖြေကြားသူများ၏ ထူးခြားသည့်လက္ခဏာများ

ဤအပိုင်းသည် ကိုဗစ် – ၁၉ ကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် စက်ရုံပိတ်သိမ်းမှုများနှင့် ဖြစ်ပေါ်သည့်အနောင့်အယှက်များ၏ ရိုက်ခတ်မှုများကို မတူညီကွဲပြားသည့်အလုပ်သမားများ ခံစားကြုံတွေ့ခဲ့ရမှုများနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်စွာသိရှိနားလည်နိုင်ရန်အတွက် သုတေသနစစ်တမ်းကောက်ယူရာတွင် တုန့်ပြန်ဖြေကြားသည့် အလုပ်သမားများ၏ ထူးခြားသည့်လက္ခဏာများကို ရှင်းလင်းဖော်ပြထားပါသည်။ ဇယား (၂) တွင် ဖော်ပြထားသည့်အတိုင်း၊ သုတေသနစစ်တမ်းကောက်ယူရာတွင် ပါဝင်သော အလုပ်သမားပမာဏအချိုးအစားမြင့်မားမှုသည် အသက် ၂၅ နှစ်အောက်အရွယ် အလုပ်သမားများ (၃၁ ရာခိုင်နှုန်း) ဖြစ်ပြီး၊ ယင်းအသက်အရွယ်သည် ငယ်ရွယ်သူအလုပ်သမားများကို ခန့်အပ်သည့် စက်ရုံများ၏ ယေဘုယျဦးတည်ရာလမ်းကြောင်းနှင့်ကိုက်ညီပါသည်။ အလုပ်သမားများ၏ ပညာရေးအခြေအနေနှင့်ပတ်သက်ပြီး၊ အလုပ်သမားများ၏ တစ်ဝက်နီးပါး (၄၄ ရာခိုင်နှုန်း) သည် အထက်တန်းပညာကို အောင်မြင်ပြီးသူများဖြစ်ကာ၊ ၁၂ ရာခိုင်နှုန်းသာ ဘွဲ့ရပြီးသူများဖြစ်ပါသည်။ အလုပ်သမားအများစုသည် ကြီးမားသော (၃၈ ရာခိုင်နှုန်း) သို့မဟုတ်

5 မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ၂၀၂၀ ခုနှစ်၊ ငွေလဲလှယ်မှုနှုန်းထား ကိုးကားဖော်ပြချက်

အလွန်ကြီးမားသော (၃၀ ရာခိုင်နှုန်း) ကုမ္ပဏီများတွင် လုပ်ကိုင်ကြပါသည်။[6] အလုပ်သမားများသည် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ပျမ်းမျှအားဖြင့် လုပ်ငန်းအတွေ့အကြုံ ၃.၁ နှစ်ရှိသူများဖြစ်ပါသည်။ တုန့်ပြန်ဖြေကြားသူ၏ ၈၅ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး၊ ၄ ပုံ ၃ ပုံခန့်သည် အိမ်ထောင်မရှိသော အပျိုများဖြစ်ကြပါသည်။ အိမ်ထောင်သည် အလုပ်သမားများအနက် ၄၂ ရာခိုင်နှုန်းသည် အသက် ၁၆ နှစ်အောက် သားသမီးရှိသူများဖြစ်ပါသည်။ အလုပ်သမားများ၏ ရွှေ့ပြောင်းနေထိုင်မှုနှင့်ပတ်သက်ပြီး မေးမြန်းသောအခါတွင်၊ ၇၂ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးပြင်ပမှ ရွှေ့ပြောင်းရောက်ရှိလာကြသူများဖြစ်ကြောင်း ဖော်ပြကြပြီး၊ ကျန် ၂၈ ရာခိုင်နှုန်းသည် ရန်ကုန်ဒေသခံများ ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သားများအနက်၊ တစ်ဝက်ကျော်သည် ရန်ကုန်တွင် နေထိုင်သည်မှာ ၅ နှစ် မရှိကြသေးပါ။

### ဇယား (၂) – သုတေသနစစ်တမ်းကောက်ရာတွင် တုန့်ပြန်ဖြေကြားသည့် အလုပ်သမားများ၏ ထူးခြားသည့် လက္ခဏာများ

| | အလယ်တန်းနှင့်အောက် | အထက်တန်း | ဘွဲ့ရပြီးသူများ (တက္ကသိုလ်ပထမဘွဲ့) | တက္ကသိုလ်ပထမဘွဲ့နှင့်အထက် | အသေးစား | အလတ်စား | လုပ်ငန်းကြီး | အလွန်ကြီးမားသော လုပ်ငန်း | လက်ရှိစက်ရုံတွင် လုပ်ကိုင်သည့် နှစ်ကာလ |
|---|---|---|---|---|---|---|---|---|---|
| အသက် | ၂၅% | ၄၄% | ၂၁% | ၉% | ၁၇% | ၁၅% | ၃၈% | ၃၀% | ၃.၁၀ |
| <၂၅ | ၃၁% | ၂၉% | ၃၉% | ၄၃% | ၄၆% | ၂၂% | ၃၁% | ၃၅% | ၂.၅၂ |
| ၂၅-၂၉ | ၂၆% | ၄၇% | ၃၀% | ၂၁% | ၃၁% | ၃၉% | ၃၁% | ၄၃% | ၃.၂၆ |
| ၃၀-၃၄ | ၂၃% | ၁၃% | ၁၂% | ၂၁% | ၁၉% | ၁၃% | ၂၁% | ၁၁% | ၃.၁၂ |
| ၃၅ နှင့်အထက် | ၂၁% | ၁၀% | ၁၈% | ၁၄% | ၄% | ၂၆% | ၁၇% | ၁၁% | ၃.၉၈ |

6 မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅) အရ၊ အလုပ်သမားအရေအတွက် ၃၀၀ ဦးအောက်ရှိသောလုပ်ငန်းကို အသေးစားလုပ်ငန်းဟူ၍ အဓိပ္ပါယ်သတ်မှတ်ပြီး၊ အလုပ်သမားအရေအတွက် ၆၀၀ ဦးထက် မကျော်လွန်သောလုပ်ငန်းကို အလတ်စားလုပ်ငန်းဟူ၍ အဓိပ္ပါယ်သတ်မှတ်ပါသည်။ သို့ရာတွင်၊ အလုပ်သမားအရေအတွက် ၆၀၀ ဦး ထက်ကျော်လွန်သည့်လုပ်ငန်းများနှင့်ပတ်သက်ပြီး ဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဤလေ့လာမှု၏ ရည်ရွယ်ချက်အလို့ငှာ၊ အလုပ်သမားအရေအတွက် ၆၀၀ ဦးနှင့် ၁၂၀၀ ဦး ရှိသော လုပ်ငန်းများကို လုပ်ငန်းကြီးများအနေဖြင့် အဓိပ္ပါယ်သတ်မှတ်ပြီး၊ အလုပ်သမားအရေအတွက် ၁၂၀၀ ဦး ထက်ကျော်လွန်သည့် လုပ်ငန်းများကိုမူ အလွန်ကြီးမားသော လုပ်ငန်းကြီးများအဖြစ် သတ်မှတ်ပါသည်။

# ၃။ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအားခြုံငုံသုံးသပ်ခြင်း

## ၃.၁။ ကိုဗစ် – ၁၉ မတိုင်မီ အထည်ချုပ်လုပ်ငန်း တိုးတက်ဖြစ်ထွန်းမှု

မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ဆယ်စုနှစ် ၃ စုကျော်ကာလတွင် အတက်အကျအပြောင်းအလဲများကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ၂၀၀၀/၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းပြည်ပပို့ကုန် အကောက်အခွန်၏ ၃၀ ရာခိုင်နှုန်းကို ရရှိစေခဲ့ပါသည်။ သို့သော်၊ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့၏ မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုနှင့် ငွေကြေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ စည်းကြပ်ဆောင်ရွက်ပြီးနောက်၊ ၂၀၀၄/၅ ခုနှစ်တွင် အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ ဖြည့်ဆည်းပါဝင်မှုသည် ၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။[7] မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကြီးမားသည့်ပြောင်းလဲမှု၊ နိုင်ငံတကာအရေးယူပိတ်ဆို့မှုများ ဖြေလျှော့မှုနှင့် ၂၀၁၃ ခုနှစ်တွင်၊ ဥရောပသမဂ္ဂ၏ ယေဘုယျဦးစားပေးစနစ် (GSP) တွင် နဂိုမူလနေရာတွင် ပြန်လည်ထားရှိခြင်းတို့နှင့်အတူ၊ ကမ္ဘာ့အထည်ချုပ်ကုန်ထုတ်လုပ်သူများနှင့် ကုန်အမှတ်တံဆိပ်များသည် မြန်မာ့နိုင်ငံ၏ဈေးကွက် အတွင်းဝင်ရောက်ရန် လုပ်ဆောင်ခဲ့ကြပါသည်။ ယင်း၏ ရလဒ်အနေဖြင့်၊ မြန်မာ့အဝတ်အထည်တင်ပို့မှုနှင့် အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ အရွယ်အစားသည် အထင်အရှားကြီးမားကျယ်ပြန့်လာခဲ့ပါသည်။ ပို့ကုန်သည် ၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၄၀ မှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅.၀၂ ဘီလီယံအထိ ၁၅ ဆ တိုးတက်မြင့်မားလာခဲ့ကာ၊ ယင်းပမာဏသည် ၂၀၁၉ ခုနှစ်တွင်၊ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်တန်ဘိုး၏ ၂၈ ရာခိုင်နှုန်းခန့်ရှိပါသည်။[8]

၂၀၁၃ ခုနှစ် အစောပိုင်းတွင်၊ မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားပေါင်း ၁၀၂၀၀၀ ခန့်လုပ်ကိုင်လျက်ရှိသော ပို့ကုန်ဦးစားပေးစက်ရုံ ၁၇၀ ပါဝင်ပါသည်။ ၂၀၁၉ ခုနှစ် အကုန်ပိုင်းတွင်၊ ယင်းအရေအတွက်သည် နိုင်ငံရှိလုပ်သားထု၏ ၃ ရာခိုင်နှုန်းဖြစ်သော အလုပ်သမားပေါင်း ၆၃၀၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိသော ပို့ကုန်ဦးစားပေးစက်ရုံပေါင်း ၆၈၅ ရုံအထိ တိုးတက်မြင့်မားလာခဲ့ပါသည်။[9] ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအတွင်း၊ အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများတွင်လုပ်ကိုင်သည့် အလုပ်သမားအရေအတွက်သည် အများဆုံးဖြစ်ပါသည်။[10] အထည်ချုပ်စက်ရုံများ၏ ၉၀ – ၉၅ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ အထူးသဖြင့် စက်မှုဇုန်များတွင် တည်ရှိပါသည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မြင့်မားလာမှုသည် အလုပ်သမားထု၏ တစ်ဝက်ကျော် (၆၇ ရာခိုင်နှုန်း) ဖြစ်သော ကျေးလက်ဒေသမှ အလုပ်သမားများအတွက် အကျိုးဖြစ်ထွန်းစေပါသည်။ ယင်းအလုပ်သမားများသည် ရန်ကုန်တိုင်းဒေသကြီး ပြင်ပမှ လာရောက်လုပ်ကိုင်သူများဖြစ်ပါသည်။[11] CESD – IDRC (၂၀၁၇) ၏ အထည်ချုပ်စက်ရုံများနှင့်စပ်လျဉ်းသည့် သုတေသနစစ်တမ်းအရ၊ ပို့ကုန်ဦးစားပေး အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ ၈၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပါသည်။

7 အိုင်အယ်(လ်)အို၊ ၂၀၁၅ ခုနှစ်။

8 ကုလသမဂ္ဂ၏ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (HS codes 61 and 62)။ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ။ https://comtrade.un.org/data/ မှ ထုတ်နုတ်ထားသည်။

9 မြင့်စိုး၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ၂၀၁၉ ခုနှစ်။

10 ကမ္ဘာ့ဘဏ်၊ ၂၀၁၈ ခုနှစ်၊ ကုမ္ပဏီများကို သုတေသနစစ်တမ်းကောက်ယူခြင်း

11 LFS, 2019, Q3 and CESD, 2018

ဤကဲ့သို့တိုးတက်ဖြစ်ထွန်းမှုများရှိသော်လည်း၊ မြန်မာ့အထည်ချုပ်လုပ်ငန်းသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့်နှိုင်းယှဉ်ပါက သေးငယ်လျက်ရှိနေပြီး၊ ယင်းနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် စက်ရုံပေါင်း ၄၅၀၀ နီးပါးပါဝင်ကာ၊ အလုပ်သမားပေါင်း ၃.၆ သန်းနီးပါး လုပ်ကိုင်လျက် ရှိပါသည်။ ပို့ကုန်ဦးစားပေးခြင်းနှင့်အတူ၊ အထည်ချုပ်လုပ်ငန်း တိုးတက်ကျယ်ပြန့်လာသော်လည်း၊ မြန်မာနိုင်ငံသည် "ဖြတ်၊ ချုပ်၊ ထုပ်ပိုးခြင်း" (CMP) ဆောင်ရွက်မှုကိုသာ အလေး ထားဆောင်ရွက်ဆဲ ဖြစ်ကာ၊ ယင်းသည် တန်ဖိုးမြင့်ကွင်းဆက်၏ အနိမ့်ဆုံးအစိတ်အပိုင်းဖြစ်ပါသည်။

## ၃.၂။ အထည်ချုပ်လုပ်ငန်းအပေါ် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု

ကိုဗစ် – ၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းတွင် ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုများနှင့် လူမှုစီးပွား ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင်၊ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်နှင့် ဝန်ဆောင်မှု တန်ဘိုး (GDP) တိုးတက်မှုသည် ၂၀၂၀ ခုနှစ်တွင် ၀.၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ပါသည်။ ဤခန့်မှန်းချက်သည် ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ကနဦးခန့်မှန်းခဲ့သော ၂.၃ ရာခိုင်နှုန်းထက် လျော့နည်းနေပါသည်။[12] အိုင်အယ်(လ်)အိုက ၂၀၂၀ ခုနှစ်၊ ဒုတိယ ၃ လပတ်တွင် အာရှ–ပစိဖိတ်ဒေသအတွက် အလုပ်ချိန်ဆုံးရှုံးမှုများသည် အချိန်ပြည့်အလုပ်လုပ်ကိုင်သည့် အလုပ်အကိုင်ပေါင်း ၂၆၅ သန်း (FTE)[13] သို့မဟုတ် ၁၅.၂ ရာခိုင်နှုန်း[14]နှင့် ညီမျှမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ၂၀၂၀ ခုနှစ်၏ တတိယ ၃ လပတ်တွင်မူ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အလုပ်ချိန် ၁၂.၅ ရာခိုင်နှုန်း အထိ ကျဆင်းသွားမည်ဖြစ်ကာ၊ ယင်းသည် အချိန်ပြည့်အလုပ်အကိုင်ပေါင်း ၃၄၅ သန်းနှင့် ညီမျှပါသည်။[15]

ကပ်ရောဂါကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ရောင်းလိုအားနှင့် ဝယ်လိုအားတို့နှင့်ပတ်သက်ပြီး၊ တုန်လှုပ်ဖွယ်ရာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်အနေဖြင့် တရုတ်နိုင်ငံရှိ စက်ရုံများနှင့် ဆိပ်ကမ်းများပိတ်ထားခြင်းနှင့် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဝယ်လိုအားမသေချာမရေရာမှုတို့ကြောင့် အနှောင့်အယှက်ဖြစ်ပေါ်မှုများကို ကြုံတွေ့ခဲ့ရပါသည်။ CESD–just job (2018) ၏ အထည်ချုပ်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် သုတေသနစစ်တမ်းအရ၊ ကုန်ကြမ်းပစ္စည်းများ၏ ၇၄ ရာခိုင်နှုန်း (ဥပမာ၊ ချည်ထည်များ၊ စက်ချုပ်သည့် ပိုးချည်များ) သည် တရုတ်နိုင်ငံမှ သီးသန့်တင်ပို့ရကြောင်းဖော်ပြထားပါသည်။ ထို့အပြင်၊ ပြည်ပမှတင်ပို့သည့် ကုန်ကြမ်း ပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံမှဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက အစီရင်ခံတင်ပြထားပါသည်။[16]

၂၀၂၀ ခုနှစ်၊ မတ်လ အစောပိုင်းအထိ၊ တရုတ်နိုင်ငံမှ ပေးပို့သည့်ကုန်ကြမ်းပစ္စည်းများ မလုံလောက်မှုကြောင့် စက်ရုံပေါင်း ၁၆ ရုံခန့် ယာယီပိတ်ထားခဲ့ရပါသည်။[17] တစ်ချို့သော ပစ္စည်းပေးပို့သူများသည် ကုန်ကြမ်းပစ္စည်းများကို ပုံမှန်အခြေအနေများတွင် ရေကြောင်းခရီးနှင့် ကုန်လမ်းခရီးဖြင့် ပေးပို့ရာမှ လေကြောင်းဖြင့် မဖြစ်မနေပေးပို့ခဲ့ရပါသည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင်၊ အလုပ်ရှင်များက အချို့သော စက်ရုံများအနေဖြင့် ဇွန်/ဇူလိုင် ကုန်အမှာစာများအတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်ဆဲဖြစ်သော်လည်း၊ ဤကြန့်ကြာမှုသည် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် နောက်ကျသည့်အခြေအနေကို မည်ကဲ့သို့ ဖန်တီးဖြစ်ပေါ်စေခဲ့ကြောင်း ရှင်းလင်းဖော်ပြကြပါသည်။ ဤအခြေအနေကိုကျော်လွှားရန် မြန်မာအစိုးရသည် အထည်ချုပ်

12 World Bank (2020 a)

13 အိုင်အယ်(လ်)အိုက FTE ကို "အလုပ်လုပ်ကိုင်သူများအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် မတူညီသောအလုပ်ချိန်များဖြင့် လုပ်ကိုင်နိုင်သောငြားလည်း၊ ၎င်းတို့ကို နှိုင်းယှဉ်နိုင်သော နည်းလမ်းဖြင့် တိုင်းတာသည့်ယူနစ်တစ်ခုအဖြစ် အဓိပ္ပါယ်သတ်မှတ်ထားပါသည်။ အလုပ်သမားတစ်ဦး၏ ပျမ်းမျှအလုပ်ချိန်နာရီများကို အချိန်ပြည့်အလုပ်သမားတစ်ဦး၏ ပျမ်းမျှအလုပ်ချိန်နာရီများနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် ယင်းယူနစ်ကို ရရှိပါသည်။ သို့ဖြစ်၍၊ အချိန်ပြည့် အလုပ်သမားတစ်ဦးကို FTE တစ်ခုအနေဖြင့် ရေတွက်နိုင်သော်လည်း၊ အချိန်ပိုင်းအလုပ်သမားတစ်ဦးကမူ ၎င်းလုပ်ဆောင်သည့် အလုပ်ချိန်နာရီအချိုးဖြင့် ရမှတ်တစ်ခုရရှိပါသည်။

14 အိုင်အယ်(လ်)အို စောင့်ကြည့်လေ့လာမှု၊ ၂၀၂၀ ခုနှစ်၊ စာ ၇။

15 အိုင်အယ်(လ်)အို စောင့်ကြည့်လေ့လာမှု၊ ၂၀၂၀ ခုနှစ်၊ စာ ၇။

16 မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ၂၀၂၀ ခုနှစ်၊ "အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေများ" နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်၊ စာ ၁၁။

17 ညီမ်းညီမ်း၊ ၂၀၂၀ ခုနှစ်။

စက်ရုံများအဖို့ တရုတ်နိုင်ငံမှ ကုန်ကြမ်းပစ္စည်းများစီးဆင်းမှု ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံရှိတရုတ်သံရုံးတို့နှင့် ပူးတွဲကြိုးပမ်းဆောင်ရွက်မှုကို အစပျိုးလုပ်ဆောင်ခဲ့ပါသည်။[18] တရုတ်နိုင်ငံမှ ကုန်ပစ္စည်းပေးပို့မှုနှင့် ပတ်သက်သည့် ကနဦးအနေအထားနှင့်အယှက်ဖြစ်မှုစပ်လျဉ်း၍ တိုးတက်အောင်မြင်မှုများရှိခဲ့ပါသည်။

သို့သော်၊ မြန်မာနိုင်ငံရှိအထည်ချုပ်စက်ရုံများသည် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့မှ ကုန်အဝယ်တော်များထံမှကုန်ပစ္စည်းမှာယူသည့်ကုန်အမှာစာများကျဆင်းလာသည့်နောက်ထပ်စိန်ခေါ်မှုများနှင့်ကြုံတွေ့ခဲ့ရပါသည်။ ၂၀၁၆ ခုနှစ်ကတည်းကစပြီး၊ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံမှချုပ်လုပ်သည့် အထည်ချုပ်ထုတ်ကုန်ပစ္စည်းများကို အများဆုံးဝယ်ယူတင်သွင်းခဲ့ပြီး၊ ယင်း၏နောက်တွင် ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့က အသီးသီးရပ်တည်နေကြပါသည်။ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့သည် ၂၀၁၉ ခုနှစ်တွင်၊ မြန်မာနိုင်ငံ၏ အဝတ်အထည်ပစ္စည်းတင်ပို့သည့်နိုင်ငံများ၏ ဝယ်ယူမှု၏ ၇၅ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။[19] ၂၀၂၀ ခုနှစ်၊ ဧပြီလတွင်၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) သည် အာရှဒေသ အထည်အလိပ်ဆိုင်ရာ ရေရှည်တည့်တံ့ခိုင်မြဲရေး (STAR) ကွန်ယက်နှင့်အတူ ပူးတွဲထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး၊ ယင်းထုတ်ပြန်ချက်တွင် ကပ်ရောဂါဖြစ်ပေါ်နေချိန်အတွင်း အထည်ချုပ်လုပ်ငန်းရေရှည် တည်တံ့ခိုင်မြဲရေးနှင့်စပ်လျဉ်းသည့် အဓိကအချက် ၉ ချက်ပါရှိပါသည်။[20]

ပုံ (၁) တွင် ဖော်ပြထားသည့်အတိုင်း၊ မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံသို့ တင်ပို့သည့် အဝတ်အထည်ပို့ကုန်ပမာဏသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၀ ခုနှစ်၊ ဇွန်လအထိ ၇၉ ရာခိုင်နှုန်းနှင့် ၅၉ ရာခိုင်နှုန်းစီအသီးသီး ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေးကျဆင်းမှု ခန့်မှန်းချက်ကို အခြေခံထားသည့် Mickinsey (၂၀၂၀ ခုနှစ်) ၏ အဆိုအရ၊ "ဖက်ရှင်ဒီဇိုင်းကုန်ထုတ်လုပ်မှုလုပ်ငန်း၏ အခွင့်အလမ်းအခြေအနေများကို အစွန်းနှစ်ခုဘက်တွင် ရှိနေကြောင်းပိုင်းခြားဖော်ပြထားပါသည်"။[21] ယင်းသည် တစ်ချို့သော ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုဆောင်ရွက်သူများဖို့ မျှတကောင်းမွန်စွာလုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သော်လည်း၊ တစ်ချို့တို့မှာမူ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အနေအထားပင် ဖြစ်ပါသည်။

## ပုံ (၁) – ရွေးချယ်ထားသည့်နိုင်ငံများသို့ မြန်မာနိုင်ငံမှ ချုပ်လုပ်သည့် အဝတ်အစား၊ အဝတ်အထည် တင်ပို့မှုများ




ရင်းမြစ် – ကုလသမဂ္ဂ၏ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (HS codes 61 & 62) (၂၀၂၀ ခုနှစ်)

18 Global New Light of Myanmar, 2020

19 ကုလသမဂ္ဂ၏ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ ၂၀၂၀ ခုနှစ်။

20 ကိုဗစ် – ၁၉ အခက်အခဲအကျပ်အတည်းကာလ တာဝန်ယူမှုရှိသော ကုန်ပစ္စည်းဝယ်ယူမှုဆိုင်ရာ အလေ့အကျင့်များနှင့် ပတ်သက်ပြီး ပူးတွဲထုတ်ပြန်ချက်၊ STAR. http://www.asiatex.org/ennewss/393.html

21 Mickinsey, 2020

## ၃.၃။ မြန်မာအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုဗစ် – ၁၉ ဆိုင်ရာ မူဝါဒများ

လူတွေ့မေးမြန်းမှုတွင်ပါဝင်သည့် အလုပ်သမားများ၏ ၉၅ ရာခိုင်နှုန်းက ၎င်းတို့၏ စက်ရုံများသည် အစိုးရ၏ ကိုဗစ် – ၁၉ ဆိုင်ရာ ဆောင်ရွက်မှုများကို လေးစားလိုက်နာရန်အတွက် ယာယီပိတ်ခဲ့ခြင်းကို ညွှန်းဆိုကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားပါသည် (ပုံ – ၉ ကိုကြည့်ပါ)။ မြန်မာအစိုးရက စက်ရုံများအားလုံးသည် နှစ်သစ်ကူးသင်္ကြန်ကာလပြီးနောက်တွင်၊ ၂၀၂၀ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှ မေလ ၁၅ ရက်တွင် ကိုဗစ် – ၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်မှုများလုပ်ဆောင်ကြရန်အတွက် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။[22] ထောက်ခံမှု/အတည်ပြု မှုစာများလက်ခံရရှိခြင်းနှင့်ပတ်သက်ပြီး၊ လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်စတင်ဆောင်ရွက်မည့် အထည်ချုပ်စက်ရုံများကို စစ်ဆေးမှုများပြုလုပ်ရန်အတွက် ပူးပေါင်းတုန့်ပြန်ဆောင်ရွက်မှုတစ်ရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MoLIP) နှင့် ဒေသဆိုင်ရာအစိုးရတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။[23] “အဆင့် – က” ရရှိသည့် စက်ရုံများသည် စစ်ဆေးမှုပြုလုပ်ပြီးနောက်တွင် လုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆင့် – ခ ရရှိသောစက်ရုံများအနေဖြင့် လုပ်ငန်းများပြန်လည်စတင်ဆောင်ရွက်ရန်အတွက် စက်ရုံအတွင်း အသေးစားပြင်ဆင်ပြောင်းလဲမှုများလုပ်ဆောင်ရန် လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့်၊အဆင့်–ဂရရှိသည့်စက်ရုံများသည်အရေးပါသည့်ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခြင်းမရှိဘဲ၊လုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ စက်ရုံပိတ်သည့် ရက်များနှင့်ပတ်သက်ပြီး၊ အလုပ်ရှင်များနှင့် အလုပ်သမားများအကြား ရှုပ်ထွေးမှုများရှိခဲ့သောကြောင့် လုပ်ငန်းပြန်လည်စတင်ဆောင်ရွက်နိုင်သည့် နေ့ရက်နှင့်ပတ်သက်ပြီး၊ မကျေနပ်မှုများကို တင်ပြခဲ့ကြပါသည်။ လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်ရန်အတွက် လက်ခံအတည်ပြုခြင်းအား ဆက်သွယ်ဆောင်ရွက်ရန် မည်သည့်ဝန်ကြီးဌာတွင် တာဝန်ရှိကြောင်း၊ ၎င်းတို့ရရှိသည့်အဆင့်အနေအထားနှင့် ပတ်သက်ပြီး နောက်ဆက်တွဲလုပ်ဆောင်ရန်အတွက် ဆက်သွယ်ခေါ်ဆိုရန် ၎င်းတို့တွင် တာဝန်ရှိကြောင်း၊ သို့မဟုတ် ယင်းနှင့်ပတ်သက်ပြီး ၎င်းတို့ကို အသိပေးဝေမျှဖြစ်ကြောင်းတို့နှင့်စပ်လျဉ်းပြီး၊ အချို့သောစက်ရုံများသည် သေချာစွာသိရှိနားလည်ခြင်းမရှိခဲ့ပါ။

လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ကြေးများပေးဆောင်သည့် အလုပ်သမားများသည် စက်ရုံပိတ်ခဲ့သည့် ရက်များအတွက် ၎င်းတို့ လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့ပါသည်။ လူမှုဖူလုံရေးအစီအစဉ်တွင် ပါရှိပြီးသားဖြစ်သော အလုပ်သမားများအနေဖြင့် လျော်ကြေးရရှိမည်ဖြစ်ပါသည်။ လူမှုဖူလုံရေးဆိုင်ရာ ကျန်းမာရေးအစီအစဉ်နှင့် အကျုံးဝင်သည့်ပမာဏသည် လူဦးရေ၏ ၂.၅ ရာခိုင်နှုန်းသာရှိသည် သို့မဟုတ် ခန့်မှန်းခြေအားဖြင့် အလုပ်သမားပေါင်း ၁၄၅၀၀၀၀ ဦးဖြစ်ပါသည်။[24] ပို့ကုန်ဦးစားပေး ဖြတ်၊ ချုပ်၊ ထုတ်ပိုးခြင်း (CMP) လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းကဏ္ဍ (အထူးသဖြင့် အထည်ချုပ်နှင့် ခြေဝတ်ပစ္စည်း) သည် မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်ဝေစု အမြင့်မားဆုံးဖြစ်ပါသည်။[25] ဤလေ့လာမှုပြုလုပ်သည့်အချိန်တွင် သုတေသနစစ်တမ်းတွင်ပါဝင်သည့် အလုပ်သမားများ၏ ၁၆ ရာခိုင်နှုန်းက ၎င်းတို့သည် လူမှုဖူလုံရေးအစီအစဉ်တွင် မပါဝင်ကြောင်း ဖော်ပြကြပါသည်။ အလုပ်ရှင်များနှင့် တွေ့ဆုံစည်းဝေးမှုများ ပြုလုပ်ချိန်အတွင်း၊ အရည်အချင်းပြည့်မီသည့် အချို့သောအလုပ်သမားများသည် စီမံဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများ၏ နှောင့်နှေးကြန့်ကြာမှုများကြောင့် ၎င်းတို့၏ လူမှုဖူလုံရေးထည့်ဝင်မှု၏ ၄၀ ရာခိုင်နှုန်းကို လက်ခံရရှိခြင်း မရှိသေးကြောင်းကို ဤလေ့လာမှုက တွေ့ရှိခဲ့ပါသည်။[26]

---

22 အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဧပြီလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ။

23 အထည်ချုပ်စက်ရုံများအား စစ်ဆေးမှုအောင်မြင်မှုနှင့်ပတ်သက်သည့် ထောက်ခံချက် သို့မဟုတ် အတည်ပြုချက်စာကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MOHS)၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MoLIP) နှင့် ဒေသဆိုင်ရာ အစိုးရတို့က ထုတ်ပြန်ခဲ့သည်။ ဤစာသည် ကိုဗစ် – ၁၉ ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသော စက်ရုံများ ၎င်းတို့လုပ်ငန်းများပြန်လည်စတင်ဆောင်ရွက်ရန်အတွက် အထောက်အကူပြုပါသည်။

24 ILO, 2020b

25 ဤတွက်ချက်မှုသည် ဧပြီလနှင့် မေလတွင် ကိုဗစ် – ၁၉ ဆိုင်ရာဆောင်ရွက်မှုများအတွက် စစ်ဆေးမှုများပြုလုပ်နေစဉ် အချိန်အတွင်း အလုပ်သမားများအား လျော်ကြေးငွေ ၄၀ ရာခိုင်နှုန်းထုတ်ပေးသောအချိန်တွင် လူမှုဖူလုံရေးအဖွဲ့၏ အစီရင်ခံစာကို အခြေခံပါသည်။

26 အလုပ်ရှင်နှင့် လူတွေ့မေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၂၀ ခုနှစ်။

## ၃.၄။ ကုန်ထုတ်လုပ်မှုအဆင့်များနှင့် ကပ်ရောဂါ

အစောပိုင်းတွင်ဖော်ပြထားသည့်အတိုင်း၊ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍသည် လွန်ခဲ့သည့်ဆယ်စုနှစ်အချိန်တွင် တိုးတက်ဖြစ်ထွန်းမှု အထင်အရှားရှိခဲ့ပြီး၊ ၂၀၁၉ ခုနှစ်တွင် ပို့ကုန်ရှယ်ယာသည် အမေရိကန် ဒေါ်လာ ၅.၂ ဘီလီယံအထိ မြင့်တက်ခဲ့ကာ၊ အဓိကအားဖြင့် ဥရောပသမဂ္ဂ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်ပါသည်။ ပုံ (၁) က ပို့ကုန်ကျဆင်းမှုကို ဖော်ပြထားပါသည်။ စက်ရုံတစ်ရုံက ၎င်းတို့အနေဖြင့် ၂၀၁၉ ခုနှစ်တွင် တစ်လလျှင် အထည် ၈၀၀၀၀ မှ ၁၀၀၀၀၀ ကြားကို မည်ကဲ့သို့ထုတ်လုပ်ခဲ့ကြောင်း၊ ယင်းအခြေအနေနှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်အတွင်းတွင် ယင်းကုန်ထုတ်လုပ်မှုနှုန်းသည် တစ်လလျှင် အထည် ၄၀၀၀၀ မှ ၅၀၀၀၀ အထိ တစ်ဝက်ကျဆင်းသွားခဲ့ကြောင်း ရှင်းပြပါသည်။[27] အလားတူပင်၊ လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အခြားသောစက်ရုံများကလည်း ယခင်နှစ်အလားတူ အချိန်ကာလနှင့်နှိုင်းယှဉ်ပါက၊ လွန်ခဲ့သည့် ၆ လတာကာလအတွင်း ၎င်းတို့၏ စုစုပေါင်းကုန်ထုတ်လုပ်မှုပမာဏသည် ကျဆင်းသွားခဲ့ကြောင်း ဖော်ပြကြပါသည်။ အလုပ်ရှင်များနှင့် ပိုမိုနက်ရှိုင်းသည့် လူတွေ့မေးမြန်းမှုအနည်းငယ်သာ လုပ်ဆောင်ခဲ့သည့်အချက်ကို အခြေခံလျက်၊ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ ကုန်ထုတ်လုပ်မှုအဆင့်တွင်ဖြစ်ပေါ်သည့် ပြောင်းလဲမှုများကို ခန့်မှန်းရန် ခက်ခဲပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ မြန်မာနိုင်ငံရှိအဝတ်အထည်တင်ပို့မှုသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ် လ မှ ၂၀၂၀ ခုနှစ်၊ ဇွန်လအထိ သိသာထင်ရှားစွာ အမှန်တကယ်ကျဆင်းခဲ့ပါသည် (ပုံ – ၂ ကို ကြည့်ပါ)။

ပုံ (၂) – အထည်ချုပ်လုပ်ငန်းကဏ္ဍ ကုန်ပစ္စည်းမှာယူမှုအပေါ် ကိုဗစ် – ၁၉ ၏ ရိုက်ခတ်မှု




27 အဓိကအရေးကြီးသည့် လူတွေ့မေးမြန်းခြင်းများ၊ ၂၀၂၀ ခုနှစ်၊ ရန်ကုန်။

ကိုဗစ် – ၁၉ ကပ်ရောဂါသည် မြန်မာနိုင်ငံရှိ အချို့သောစက်ရုံများအတွက် ကုန်ပစ္စည်းမှာယူမှုစက်ဝန်းကို အနှောင့်အယှက်ပေးခဲ့ပါသည်။ ကုန်ပစ္စည်းမှာယူမှုစက်ဝန်းတွင်ပါဝင်သည့်အဓိကလုပ်ဆောင်သူများတွင် ကုန်အဝယ်တော်များ၊ ကုန်ပစ္စည်းပေးသွင်းသူများနှင့် စက်ရုံ သို့မဟုတ် အချို့သော အခြေအနေများတွင် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့်စက်ရုံတို့ပါဝင်ပါသည်။[28] ကုန်ပစ္စည်းမှာယူမှုစက်ဝန်းသည် အများအားဖြင့် ၆ လတာကြာမြင့်ပြီး၊ စက်ရုံများအနေဖြင့် ကုန်အမှာစာတစ်ခုအတွက် လုပ်ဆောင်ရန်အချိန် ၂ လ မှ ၃ လ ကြာမြင့်ပါသည်။ ကုန်ပစ္စည်းထုတ်လုပ်မှုစက်ဝန်းသည် အများအားဖြင့် ထုတ်ကုန်ပစ္စည်းအမျိုးအစားနှင့် ဈေးကွက်မတူညီကွဲပြားမှုတို့ကိုလည်း အဆုံးအဖြတ်ပေးမည်ဖြစ်ပါသည်။ စက်ရုံတစ်ခု၏ ကုန်ပစ္စည်းထုတ်လုပ်မှုအမြင့်မားဆုံးရာသီကို အဆုံးအဖြတ်ပေးသည့်အရာသည် စက်ရုံကထုတ်လုပ်သည့် ရာသီအလိုက်ကုန်ပစ္စည်းအမျိုးအမည်များဖြစ်ပါသည်။ လူတွေ့မေးမြန်းရာ တွင်ပါဝင်သည့်စက်ရုံများက ၎င်းတို့အနေဖြင့် ၂၀၂၀ ခုနှစ်၊ မေလတွင် ကုန်ပစ္စည်းပေးပို့ရန်ရည်မှန်းချက် ဖြင့် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုန်ပစ္စည်းမှာယူမှုများအတွက် လုပ်ငန်းစတင်လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲထားကြောင်း ဖော်ပြပါသည်။ သို့ရာတွင် ကပ်ရောဂါကြောင့် ဤလုပ်ငန်းစဉ်တစ်ခုလုံး နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ကြုံတွေ့ခဲ့ကြရပါသည်။ လူတွေ့မေးမြန်းသည့်အချိန်တွင် စက်ရုံများက ၂၀၂၀ ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလအချိန်နှင့် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအချိန် ကုန်ထုတ်လုပ်မှုအမြင့်မားဆုံးအချိန်ရာသီအတွင်း ကုန်ပစ္စည်းမှာယူမှုအဆင့် သိသာထင်ရှားစွာ နိမ့်ကျသည့်အနေအထားကို လက်ခံရရှိမည်ဖြစ်ကြောင်း ခန့်မှန်းကြပါသည်။ ကုန်ပစ္စည်းမှာယူမှုစက်ဝန်းအနှောင့်အယှက်ဖြစ်ပေါ်မှုနှင့်အတူ၊ အလုပ်အကိုင်ဆုံးရှုံးနိုင်မှုအနေအထားမြင့်မားကာ၊ အလုပ်သမားများ၏ ခုခံနိုင်မှုအားနည်းသည့်အခြေအနေသည် မြင့်မားလျက်ရှိပါသည်။ လူတွေ့မေးမြန်းရာတွင် ပါဝင်သည့်မည်သည့်စက်ရုံမျှ ၎င်းတို့၏ ကုန်ပစ္စည်းမှာယူမှုနှင့်ပတ်သက်ပြီး ပယ်ဖျက်ခဲ့ခြင်းမရှိဘဲ၊ ယင်းကုန်ပစ္စည်းမှာယူမှုများ ဆိုင်းငံ့ခံခဲ့ကြရပါသည်။

နိုင်ငံတကာ အဝတ်အထည်ကုန်အမှတ်တံဆိပ်များ၏ တုန့်ပြန်မှုသည် ရောထွေးနေပါသည်။ အစီရင်ခံစာတစ်ချို့က အမေရိကန်ပြည်ထောင်စုနှင့် ဥရောပမှ အချို့သောနိုင်ငံတကာကုန်အမှတ်တံဆိပ်များသည် ကုန်ပစ္စည်းမှာယူမှုများကို ပယ်ဖျက်ခဲ့ကြကြောင်းနှင့် ကုန်ပစ္စည်းမှာယူမှုများအတွက် အမေရိကန် ဒေါ်လာ ၁၆ ဘီလီယံအထိ ပေးဆောင်ခြင်းမရှိခဲ့ကြဘဲ၊ အချို့သောအခြေအနေများ မျှော်လင့်မထားသည့် ခံနိုင်ရည်မရှိသော အနေအထားများကို ဖော်ညွှန်းနေပါသည်။[29] လူတွေ့မေးမြန်းချိန်တွင် ပါဝင်သည့်အချို့သောနိုင်ငံတကာကုန်အမှတ်တံဆိပ်များက ၎င်းတို့၏ ကုန်ပစ္စည်းမှာယူမှုများကို ပယ်ဖျက်ခြင်းမရှိခဲ့ဘဲ၊ ဆိုင်းငံ့မှုများသာလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြကြပါသည်။ မတူညီသည့်အချက်မှာ အခြားကုန်အမှတ်တံဆိပ်များက "အချိန်မီပို့ဆောင်" ရန် နောက်ကျကြေးမတောင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။[30]

---

28 တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့် စက်ရုံများဟူသည်မှာ ပို့ကုန်ဦးစားပေးစက်ရုံများမဟုတ်ဘဲ၊ ကုန်ပစ္စည်းမှာယူမှုအတွက် ကူညီလုပ်ဆောင်ပေးရန် ပို့ကုန်ဦးစားပေးစက်ရုံများ သို့မဟုတ် ကုန်ပစ္စည်းပေးသွင်းသူများက မကြာခဏငှားရမ်းလုပ်ကိုင်စေသည့် စက်ရုံများကို ရည်ညွှန်းပါသည်။ ဖြစ်ရပ်အများစုတွင်၊ ကုန်အမှတ်တံဆိပ်များသည် ကုန်ပစ္စည်းပေးသွင်းသူများနှင့်သာ ဆက်ဆံရေးရှိပြီး၊ ၎င်းတို့ငှားရမ်းလုပ်ကိုင်စေသည့် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုသည့် စက်ရုံများကို ဖော်ပြရန် တာဝန်ရှိပါသည်။ သို့မဟုတ်ပါက၊ ယင်းကို ခွင့်ပြုချက်မရှိသည့် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုမှုအနေဖြင့် မှတ်ယူပါသည်။

29 McNamara, 2020 and Blommer, 2020.

30 အချိန်မီပို့ဆောင်ခြင်းဟူသည်မှာ ထုတ်ကုန်ပစ္စည်းများပေးပို့ရမည့် ရက်များကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ကုန်ပစ္စည်းထုတ်လုပ်သူများ၏ စာချုပ်တွင်ပါရှိသည့် စည်းကမ်းချက်ကို ရည်ညွှန်းပါသည် (အသင့်လျော်ဆုံးဒီဇိုင်းပုံစံ၊ ၂၀၂၀ ခုနှစ်)။ အများအားဖြင့် ကုန်ပစ္စည်းပေးသွင်းသူများသည် ဤအချိန်နှင့်လွဲချော်မှုဖြစ်ခဲ့ပါက၊ ယင်းအခအတွက် ကျခံရလေ့ရှိပါသည်။ သို့သော်၊ အချို့သောနိုင်ငံတကာ အဝတ်အထည်ကုန်အမှတ်တံဆိပ်များသည် ဤအခကြေးငွေကို ဂယက်ထစေရန် ဆုံးဖြတ်ချက်များချမှတ်ကြပါသည်။

# ၄။ အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် ယင်းလုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၏ ထိလွယ်ခိုက်လွယ်ရှိမှု

## ၄.၁။ အလုပ်ချိန်နှင့် အခကြေးငွေများအပေါ် ရိုက်ခတ်မှု

### အလုပ်ချိန်

ကပ်ရောဂါသည် မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍအခြေအနေနှင့် အလုပ်ချိန်၊ အလုပ်လုပ်ကိုင်သည့်ရက်များနှင့် အလုပ်သမားများ၏ အခကြေးငွေများအပေါ် အထင်အရှားရိုက်ခတ်ခဲ့ပြီးဖြစ်ပါသည်။ ဤအလေ့လာမှုသည် အခြေခံလစာ၊ အချိန်ပိုကြေး၊ ရက်မှန်ကြေးနှင့် လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့်အခကြေးငွေများကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ လက်ရှိအနည်းဆုံးအခကြေးငွေသည် တစ်နာရီလျှင် ၆၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၀.၄၃) သို့မဟုတ် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၃.၄၄) ဖြစ်ပါသည်။ အလုပ်ရှင်များသည် ထပ်မံလုပ်ကိုင်ရသည့် အလုပ်ချိန်နာရီများအတွက် အချိန်ပိုလုပ်ခနှုန်းထားများပေးရန် ဥပဒေနှင့်အညီတာဝန်ရှိပါသည်။[31] ယင်းအချိန်ပိုကြေးကို အခြေခံအခကြေးငွေ၏ နှစ်ဆအဖြစ်တွက်ချက်ပါသည်။[32] ထို့အပြင်၊ အလုပ်လုပ်ကိုင်သည့်ရက်များသည် ရက်သတ္တတစ်ပတ်လျှင် ၆ ရက်ထက်မကျော်လွန်ရဘဲ၊ အလုပ်သမားများသည် အပတ်စဉ်အလုပ်နားရက်ကို ရရှိခံစားပိုင်ခွင့်ရှိပါသည်။ ဇယား (၃) တွင်ဖော်ပြထားသည့်အတိုင်း၊ စုစုပေါင်းလုပ်ခလစာ (အသားတင်လုပ်ခလစာ) တွင် အခြေခံလုပ်ခလစာ၊ အချိန်ပိုကြေး၊ ရက်မှန်ကြေးနှင့် အခြားသောဆုကြေးများ သို့မဟုတ် လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့် အခကြေးငွေများ ပါဝင်ပါသည်။[33] အလုပ်သမား၏ရာထူးပေါ်မူတည်ပြီး၊ အခြေခံလုပ်ခလစာသည် စုစုပေါင်းလုပ်ခလစာ၏ ၄၅ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိပါဝင်ခြင်းနှင့်အတူ၊ အချိန်ပိုကြေးနှင့် ဆုကြေး သို့မဟုတ် လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့် အခကြေးငွေများသည် အလုပ်သမား၏ လစဉ်ပျမ်းမျှလုပ်ခလစာအတွက် အထင်အရှား ဖြည့်ဆည်းဆောင်ကြဉ်းပေးပါသည်။

လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အလုပ်ရှင်များက ပုံမှန်လုပ်ငန်းဆောင်ရွက်သည့် အလုပ်ချိန် (၈နာရီ) ကို ထိန်းသိမ်းထားသော်လည်း အချိန်ပိုနာရီများသည် သိသိသာသာပြောင်းလဲခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမတိုင်မီအချိန်အထိ အပ်ချုပ်စက် အောက်ပရေတာများအတွက် ထုံးစံအတိုင်းတစ်ရက်လျှင် အချိန်ပို ၃ နာရီလုပ်ကိုင်စေခဲ့ကြောင်း၊ သို့သော်၊ ကိုဗစ် –၁၉ ကပ်ရောဂါဖြစ်ပေါ်နေချိန် အတွင်း အချိန်ပိုနာရီကို တစ်ရက်လျှင် ၁ နာရီမှ ၂ နာရီအထိ လျှော့ချခဲ့ကြောင်းဖော်ပြကြပါသည်။[34] ကပ်ရောဂါမတိုင်မီအချိန်တွင် အလုပ်သမားများသည် တစ်လလျှင် အချိန်ပိုကြေး ၁၀၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၇၁.၆၁) ဝန်းကျင်အထိ ရရှိခဲ့ကြပါသည်။ သို့သော်လည်း၊ ယင်းအချိန်ပိုကြေးသည် တစ်လလျှင် ၅၇၂၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၄၀.၉၆) သို့ ကျဆင်းသွားခဲ့ပါသည်။

31 မြန်မာနိုင်ငံ၏အနည်းဆုံးအခကြေးငွေဆိုင်ရာ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈)

32 မြန်မာနိုင်ငံ၏ အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်။

33 အခြားဆုကြေး/လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့်အခကြေးငွေများတွင် သစ္စာရှိမှုအတွက်ဆုကြေး၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းအရေအတွက်နှုန်းထားအလိုက် ပေးဆောင်ခြင်း၊ အစားအစာအတွက်ထောက်ပံ့ကြေး စသည်တို့ကဲ့သို့သော လုပ်ရည်ကိုင်ရည်အတွက်ပေးဆောင်သည့် အခကြေးငွေများပါဝင်သည်။

34 ဤအချိန်ပိုနာရီများကို ကပ်ရောဂါမတိုင်မီအချိန်တွင် ကျင့်သုံးခဲ့ပြီး၊ ကပ်ရောဂါကူးစက်ပျံ့နှံ့နေစဉ်လတ်တလောအချိန် တွင်လည်း ကျင့်သုံးနေဆဲဖြစ်ပါသည်။

### ဇယား (၃) – အလုပ်သမား၏ရာထူးများအပေါ်အခြေခံပြီး၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအတွက် စုစုပေါင်းလုပ်ခလစာပေါင်းစည်းပါဝင်မှု

| | စုစုပေါင်း (ကျပ်) | | အခြေခံလစာ | | အချိန်ပိုကြေး | | ရက်မှန်ကြေး | | အခြားဆုကြေးများနှင့် လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့် အခကြေး ငွေများ | |
|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဇွန် | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဇွန် | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၁၉၊ ဇွန် | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဇွန် | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဇွန် |
| Skilled SMO[35] | ၂၂၂၈၄၆ | ၂၁၂၄၉၀ | ၅၉% | ၆၆% | ၂၆% | ၁၇% | ၄% | ၅% | ၁၁% | ၁၃% |
| Semi-skilled SMO | ၂၁၆၃၄၀ | ၂၀၈၇၉၅ | ၆၀% | ၆၅% | ၂၄% | ၁၈% | ၅% | ၅% | ၁၁% | ၁၂% |
| Supervisor/ line leader | ၃၅၂၇၃၇ | ၃၀၆၂၆၇ | ၄၄% | ၄၇% | ၁၅% | ၁၀% | ၃% | ၂% | ၃၈% | ၄၁% |
| Ironer/cutter/ packaging/ store/QC | ၂၃၅၈၂၃ | ၂၁၇၅၃၉ | ၅၇% | ၆၀% | ၂၅% | ၁၉% | ၆% | ၅% | ၁၂% | ၁၆% |
| Others | ၂၇၀၁၅၄ | ၂၂၉၇၂၃ | ၅၂% | ၅၈% | ၁၇% | ၁၉% | ၃% | ၅% | ၃၀% | ၂၀% |

အချိန်ပိုလုပ်ကိုင်မှုနှင့်ပတ်သက်သည့် ပြောင်းလဲမှုများသည် အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) တည်ရှိနေခြင်း သို့မဟုတ် မတည်ရှိနေခြင်းဆက်စပ်နေကြောင်း လေ့လာတွေ့ရှိချက်များက ဖော်ပြနေပါသည်။ အလုပ်သမားဦးရေ ၃၀ ထက်ကျော်လွန်သော စက်ရုံများအတွက် လုပ်ငန်းညှိနှိုင်းရေးကော်မတီတစ်ရပ်လိုအပ်ပါသည်။ ပုံ (၃) တွင် ဖော်ပြထားသည့်အတိုင်း၊ အချိန်ပိုလုပ်ကိုင်မှု အများဆုံးကျဆင်းမှု (၄၄ ရာခိုင်နှုန်း) ကို လုပ်ငန်းညှိနှိုင်းရေးကော်မတီ သို့မဟုတ် အလုပ်သမားသမဂ္ဂမရှိသည့် စက်ရုံများတွင် မှတ်တမ်းတင်ထားပါသည်။ အချိန်ပိုလုပ်ဆောင်မှု ဒုတိယအများဆုံးကျဆင်းမှု (၃၂ ရာခိုင်နှုန်း) ကို ညှိနှိုင်းရေးကော်မတီသာရှိသည့် စက်ရုံများတွင် မှတ်တမ်းတင်ထားပါသည်။ အလုပ်သမားသမဂ္ဂရှိသည့် စက်ရုံများရှိ အလုပ်သမားများအဖို့ အချိန်ပိုလုပ်ဆောင်မှုအနည်းဆုံး ကျဆင်းမှုသည် (၂၉ ရာခိုင်နှုန်း) ဖြစ်ပြီး၊ ညှိနှိုင်းရေးကော်မတီနှင့် အလုပ်သမားသမဂ္ဂရှိသည့် စက်ရုံများတွင် ယင်းကျဆင်းမှုသည် (၂၈ ရာခိုင်နှုန်း) ဖြစ်သည်။ အခြေခံအလုပ်သမားအဖွဲ့အစည်းများ (အလုပ်သမားသမဂ္ဂများ) နှင့် ညှိနှိုင်းရေးကော်မတီများသည် ကိုဗစ် – ၁၉ ကြောင့်ဖြစ်ပေါ်လာသည့် အလုပ်သမားများ၏ အချိန်ပိုလုပ်ဆောင်မှုပြောင်းလဲမှုများနှင့် ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန်အတွက် အပြန်အလှန်ဆွေးနွေးပြောဆိုမှုဆောင်ရွက်ခြင်းကို အဆင်ပြေချောမွေ့စေကြောင်း ဤသုတေသနလေ့လာမှုက တွေ့ရှိထားပါသည်။

35 မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က အထည်ချုပ်အလုပ်သမားများ၏ ကျွမ်းကျင်မှုများကို တစ်ချို့တစ်ဝက်ကျွမ်းကျင်အဆင့်၊ ကျွမ်းကျင်အဆင့်၊ အဆင့်မြင့်ကျွမ်းကျင်အဆင့်နှင့် ကြီးကြပ်မှုအဆင့်ဟူ၍ အမျိုးအစား ၄ မျိုးခွဲခြားထားပါသည်။ သို့သော်၊ ကုမ္ပဏီအဆင့်တွင် အလုပ်သမား၏ ကျွမ်းကျင်မှုအဆင့်ကို အဓိပ္ပါယ်သတ်မှတ်ပြဋ္ဌာန်းခြင်းသည် ကုမ္ပဏီများအကြား အမျိုးမျိုးရှိသည့် အမှတ်ပေးစနစ်အပေါ်တွင် အခြေခံပါသည်။ အမှတ်ပေးစနစ်သည် စက်ရုံတွင်အလုပ်သမားလုပ်ကိုင်သည့် အတွေ့အကြုံနှစ်ကာလ၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ၊ အလုပ်သမား၏ ကုန်ထုတ်စွမ်းအားကို သတ်မှတ်ပေးသည့် ကုန်ပစ္စည်းထုတ်လုပ်မှုနှုန်းများ သို့မဟုတ် သတ်မှတ်ကတ်ပြားရရှိမှုနှုန်းနှင့်အတူ၊ ကြီးကြပ်ရေးမှူး သို့မဟုတ် လုပ်ငန်းအုပ်ချုပ်စီမံသူများနှင့် ဆက်ဆံရေးနှင့် ၎င်းတို့အပေါ်ထားရှိသည့် စိတ်သဘောထားများကို အခြေခံလျက် ဆုပေးသည့်အမှတ်များနှင့်အတူ က+ မှ ဂ အမျိုးမျိုးရှိနိုင်ပါသည်။ စက်ရုံအဆင့်တွင် ကုန်ထုတ်လုပ်သည့်လုပ်သားထုကို ကြီးကြပ်ရေးမှူး၊ လိုင်းကြီးကြပ်၊ အော်ပရေတာ သို့မဟုတ် အကူဟူ၍ အမျိုးအစားခွဲခြားနိုင်ပါသည်။ သာမန်အားဖြင့်၊ အမှတ်ပေးသည့်စနစ်သည် အဓိကအားဖြင့် လိုင်းကြီးကြပ်သူများနှင့် အော်ပရေတာများနှင့်သက်ဆိုင်ပြီး၊ ကျွမ်းကျင်သည့်အော်ပရေတာများကို က+၊ က သို့မဟုတ် ခ+/ခ ဟူ၍လည်းကောင်း၊ တစ်ချို့တစ်ဝက်ကျွမ်းကျင်သည့် အော်ပရေတာကို ဂ သို့မဟုတ် ယင်းထက်နိမ့်သည့်အဆင့်ဖြင့်လည်းကောင်း အဆင့်သတ်မှတ်ကြပါသည်။ ဤလေ့လာမှုတွင် တုန့်ပြန်ဖြေကြားသူများအနေဖြင့် အဆင့် ခ+ သို့မဟုတ် ယင်းထက်မြင့်မားသည့်အဆင့်ရရှိပါက သို့မဟုတ် ပို၍အထူးကျွမ်းကျင်မှုများလိုအပ်သည့် အဝတ်အထည်၏ခက်ခဲသည့်အစိတ်အပိုင်းများကို ချုပ်လုပ်နိုင်စွမ်းရှိပါက၊ ၎င်းတို့ကို ကျွမ်းကျင်သည့် SMO ဟူ၍ အမျိုးအစားခွဲခြားသတ်မှတ်ထားပါသည်။

စက်ရုံအရွယ်အစားနှင့်ပတ်သက်ပြီး၊သေးငယ်သည့်စက်ရုံများရှိအလုပ်သမားများသည်အချိန်ပိုလုပ်ဆောင်မှုနှင့်ပတ်သက်ပြီး ကြီးမားသည့်ကျဆင်းမှု (၄၆ ရာခိုင်နှုန်း) နှင့် ကြုံတွေ့ကြရပါသည်။ ပုံ (၂) တွင် စက်ရုံအရွယ်အစားနှင့် ပိုင်ဆိုင်မှုကို အခြေခံပြီး အချိန်ပိုလုပ်ဆောင်မှုနှင့်ပတ်သက်သည့် ပြောင်းလဲမှုများကို ဖော်ပြထားပါသည်။ နိုင်ငံခြားသားပိုင်စက်ရုံများ အနက်၊ ကိုရီးယားနိုင်ငံသားပိုင်စက်ရုံများတွင် လုပ်ကိုင်သည့်အလုပ်သမားများသည် အချိန်ပိုလုပ်ဆောင်မှုအများဆုံးကျဆင်းမှု (၆၀ ရာခိုင်နှုန်း) နှင့် ကြုံတွေ့ကြရပါသည်။ ဖက်စက်လုပ်ကိုင်သည့်စက်ရုံများတွင် အချိန်ပိုလုပ်ကိုင်မှုကို အနည်းဆုံးလျော့ချပြီး (၁၇ ရာခိုင်နှုန်း)၊ ယင်းနောက်တွင် တရုတ်နိုင်ငံသားပိုင်စက်ရုံသည် လျော့ချမှု (၂၃ ရာခိုင်နှုန်း) ရှိပါသည်။ ကိုရီးယားနိုင်ငံသားပိုင် စက်ရုံများအတွက် ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံများမှာ ကိုရီးယားနိုင်ငံနှင့် ဥရောပဈေးကွက်များပင်ဖြစ်ပါသည်။[36] တရုတ်နိုင်ငံသားပိုင်စက်ရုံများအတွက် ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံများ မှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုဈေးကွက်များဖြစ်ပါသည်။ ယေဘုယျအားဖြင့်၊ အချိန်ပိုလုပ်ဆောင်မှု သိသာထင်ရှားစွာကျဆင်းမှု (၇၁ ရာခိုင်နှုန်း) နှင့်ကြုံတွေ့ရသည့်စက်ရုံများသည် မြန်မာနိုင်ငံသားပိုင် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့်စက်ရုံများဖြစ်ပါသည်။[37] ယင်းသို့ဖြစ်ရခြင်းမှာ ကြီးမားသည့်စက်ရုံကြီးများက ကုန်ပစ္စည်းမှာယူမှုများအား ပြန်လည်ဝေမျှပြီး ချုပ်လုပ်ခိုင်းမှုမရှိခြင်း ကြောင့်ဖြစ်ပါသည်။ သို့ဖြစ်၍၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့်စက်ရုံများရှိ အလုပ်သမားများသည် ခုခံနိုင်မှုစွမ်းရည်အနည်းဆုံးဖြစ်ပြီး၊ ဝင်ငွေဆုံးရှုံးမှုအများနှင့်ကြုံတွေ့ကြရပါသည်။

## ပုံ (၃) – စက်ရုံအရွယ်အစားနှင့် ပိုင်ဆိုင်မှုအရ အချိန်ပိုလုပ်ကိုင်မှု ပြောင်းလဲခြင်းများ




ပုံ (၃) သည် ၂၀၁၉ ခုနှစ်တွင် အလုပ်သမားများက မှတ်တမ်းတင်ထားသည့် အမှန်တကယ်လုပ်ဆောင်သည့် အလုပ်ချိန်များနှင့် အလုပ်လုပ်ရက်များကို ၂၀၂၀ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ဖော်ပြထားသည့် စိစစ်စိတ်ဖြာမှုတစ်ရပ်ကို ဖော်ပြထားပါသည်။ အချိန်ပိုလုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး တစ်လလျှင် ၄၄.၇ နာရီလုပ်ကိုင်ရာမှ တစ်လလျှင် ၂၉.၁ နာရီလုပ်ကိုင်ရသည့် အနေအထားသို့ ကျဆင်းသွားကြောင်း အစီရင်ခံဖော်ပြထားပါသည်။

---

36 CESD–JJ, 2020

37 တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့်စက်ရုံများသည် သာမန်အားဖြင့် ပို့ကုန်တိုက်တင်ပို့ခြင်းမဟုတ်ပါ သို့မဟုတ် နိုင်ငံတကာကုန်ပစ္စည်းပေးသွင်းသူများ/ကုန်အမှတ်တံဆိပ်များနှင့် တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်သူများမဟုတ်ပါ။ သတ်မှတ်ထားသည့်ရက်တွင် ကုန်ပစ္စည်းရရှိရန်နှင့်/သို့မဟုတ် ခန့်မှန်း၍မရနိုင်သည့် ကုန်ပစ္စည်းမှာယူမှုများပြီးမြောက်စေရန်အတွက် အချို့သောစက်ရုံများသည် အချို့သောကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အခြားစက်ရုံများကိုတစ်ဆင့်ခံစာချုပ် ချုပ်ဆိုကြပါသည်။ အထူးသဖြင့် စက်ရုံအငယ်များနှင့် ချုပ်ဆိုကြပါသည်။

### ပုံ (၄) – အချိန်ပိုနာရီနှင့် အလုပ်လုပ်သည့်ရက်များပြောင်းလဲခြင်း




### အခကြေးငွေများ

၂၀၂၀ ခုနှစ်အတွင်း အလုပ်သမားများ၏ အခကြေးငွေများ မည်သို့ပြောင်းလဲကြောင်းကို ကြည့်သောအခါတွင်၊ အခြေခံလစာ၊ အချိန်ပိုကြေး၊ ရက်မှန်ကြေး၊ အခြားသောလုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့်အခြားငွေပုံစံများ[38]နှင့် အလုပ်သမား၏ ရာထူးများ စသည်တို့ကဲ့သို့သော မတူညီမသော အမျိုးအစားများနှင့် ပုံသေမဟုတ်ဘဲပြောင်းလဲနိုင်မှုများကို ထည့်သွင်းစဉ်းစားပါသည်။ ပုံ (၄) နှင့် ပုံ (၅) တို့တွင် ဖော်ပြထားသည့်အတိုင်း၊ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင်ရရှိသည့် စုစုပေါင်းလုပ်ခလစာ (အသားတင်ရရှိသည့် လုပ်ခလစာ) အချိုးအစားကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ရရှိသည့် ပျမ်းမျှလုပ်ခလစာနှင့် နှိုင်းယှဉ်ပါက၊ ၈ ရာခိုင်နှုန်းလျော့နည်းကျဆင်းသွားကြောင်းကို အလုပ်သမားများက အစီရင်ခံတင်ပြခဲ့ကြပါသည်။ ၂၀၂၀ ခုနှစ်၊ မတ်လ မှ ဇွန်လအထိအချိန်ကာလအတွက် လုပ်ခလစာလျော့နည်း ကျဆင်းမှုသည် အစောပိုင်းကာလထက် ပိုမိုမြင့်မားပါသည်။ အချက်အလက်တွေ့ရှိချက်က အခြေခံလုပ်ခလစာအပေါ် သိသိသာသာရိုက်ခတ်မှုမရှိကြောင်း ဖော်ပြထားပါသည်။ စုစုပေါင်းလုပ်ခလစာတွင် အခြားသော ဆုကြေး/လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့် အခကြေးငွေထည့်သွင်းမှုများသည်လည်း နှိုင်းယှဉ်ချက်အရ တည်ငြိမ်နေဆဲရှိခဲ့ပြီး၊ ၂၀ ရာခိုင်နှုန်းဝန်းကျင်ရှိပါသည်။ မတူညီသည့်အချက်မှာ စုစုပေါင်း လုပ်ခလစာတွင် ထည့်သွင်းရာတွင် သိသာထင်ရှားစွာလျော့နည်းနေပါသည်။

38 ၅ ပုံ ၁ ပုံ နှုန်းကို တစ်ဖွဲ့လျှင် ၂၀ ရာခိုင်နှုန်းဖြင့် ခွဲဝေထားပါသည်။

### ပုံ (၅) – အလုပ်သမားများ အစီရင်ခံတင်ပြသည့် အသားတင်လုပ်ခလစာပေါင်းစပ်ဖွဲ့စည်းမှု




အချိန်ပိုနာရီများလျှော့ချခြင်းသည် အခက်အခဲအကျပ်အတည်းကာလအတွင်း စက်ရုံများက လက်ခံအတည်ပြုခဲ့သည့် နည်းဗျူဟာတစ်ခုဖြစ်ပါသည်။ လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် စက်ရုံများကလည်း ဆုကြေးများနှင့် လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့်အခကြေးငွေများပြောင်းလဲခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း ဖော်ပြကြပါသည်။ ပထမနှင့် ဒုတိယ ၅ ပုံ ၁ ပုံ ဝင်ငွေရရှိသည့် အစုအဖွဲ့များသည် အခြားအစုအဖွဲ့များနှင့် နှိုင်းယှဉ်ပါက၊ လစဉ်ရရှိသည့်ဝင်ငွေမှာ သိသာထင်ရှားစွာလျော့နည်းသည့်အခြေနေကို ကြုံတွေ့ခဲ့ကြရပါသည် (ပုံ – ၅)။

### ပုံ (၆) – ၅ ပုံ ၁ ပုံ ခွဲထားသည့် အစုအဖွဲ့များအကြား လစဉ်ရရှိသည့်အခကြေးငွေများ



အလုပ်သမားအချို့က အလုပ်သမားများ၏ ဝင်ငွေမည်ကဲ့သို့ လျော့နည်းကျဆင်းသွားကြောင်း ရှင်းလင်းဖော်ပြကြပါသည်။ ဥပမာ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင်၊ ကျွမ်းကျင်အလုပ်သမားတစ်ဦးသည် ပျမ်းမျှ ၃၀၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၁၅) ရရှိမည်ဖြစ်ပြီး၊ ယင်းနှင့်နှိုင်းယှဉ်ပါက၊ အချိန်ပိုလုပ်ကိုင်မှု သို့မဟုတ် လုပ်ရည်ကိုင်ရည်အတွက် ပေးဆောင်သည့် အခကြေးငွေများ လျှော့ချမှုကိုအခြေခံပြီး၊ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ထိုအလုပ်သမားသည် ၂၃၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၆၅၀ ရရှိမည်ဖြစ်ပါသည်။ အလုပ်ရှင်အချို့က စက်ရုံယာယီပိတ်သည့်အချိန် သို့မဟုတ် အလုပ်ပိတ်ရက်အချိန်ကာလများအတွင်း အခြေခံလုပ်ခလစာပေးခြင်းသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်နစ်နာစေကြောင်း ဖော်ပြကြပါသည်။ ထို့အပြင်၊ လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အလုပ်ရှင်အချို့က ယင်းသည် အများပြည်သူ အလုပ်ပိတ်ရက်အရေအတွက်နှင့်ဆက်စပ်နေပြီး၊ မြန်မာနိုင်ငံရှိအလုပ်ရှင်များအနေဖြင့် ထိုအလုပ်ပိတ်ရက်အတွက် လျော်ကြေးပေးရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြပါသည်။[39] အာဆီယံနိုင်ငံများအတွင်း မြန်မာနိုင်ငံသည် အများပြည်သူအလုပ်ပိတ်ရက်အရေအတွက် အများဆုံးဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်တွင် ၃၇ ရက်ရှိပါသည်။ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အများပြည်သူအလုပ်ပိတ်ရက်အနေဖြင့် ၂၈ ရက်[40]၊ ၂၅ ရက် နှင့် ၁၁ ဟူ၍ အသီးသီးရှိကြပါသည်။[41]

## ပုံ (၇) – ရာထူးမတူညီမှုများအကြား လစဉ်ရရှိသည့်အခကြေးငွေများပြောင်းလဲခြင်း[42]




မည်သည့်အလုပ်သမားများသည် ခုခံနိုင်မှုစွမ်းရည်အနည်းဆုံးဖြစ်ကြောင်း သိရှိနားလည်နိုင်ရန်အတွက် အလုပ်သမားများ၏ မတူညီသော ရာထူးများအလိုက် စိစစ်စိတ်ဖြာထားသည့် လစဉ်ရရှိသော အခကြေးငွေများပြောင်းလဲမှုကို ကိုယ်စားပြုသည့် ဂရမ်းမျဉ်းအတွဲလိုက်ကို ပုံ (၆) ဖော်ပြထားပါသည်။ အပ်ချုပ်စက်ကိုင်သည့် အော်ပရေတာ များ (SMOs) သည် ပို့ကုန်ဦးစားပေးစက်ရုံများ၏ ကုန်ထုတ်လုပ်သည့်လုပ်သားထု၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ကိုယ်စားပြုကြောင်းကို မှတ်သားထားရန် အရေးကြီးပါသည်။[43] ကျန်ရှိသည့် ၃၀ – ၄၀ ရာခိုင်နှုန်းသည် ကုန်ပစ္စည်းထုပ်ပိုးသူများ၊ ဒီဇိုင်းပုံစံဆွဲသူများ၊ ခေါင်းဆောင်များ၊ သို့မဟုတ် ကြီးကြပ်ရေးမှူးများ သို့မဟုတ် လုံခြုံရေးဝန်ထမ်းများနှင့် ယာဉ်မောင်းများကဲ့သို့သော ပံ့ပိုးပေးသည့် ဝန်ထမ်းများဖြစ်ပါသည်။ အပ်ချုပ်စက်ကိုင် အော်ပရေတာများသည် လစဉ်ရရှိသည့် လုပ်ခလစာအနည်းဆုံး လျော့နည်းမှု (၄ ရာခိုင်နှုန်း) နှင့် ကြုံတွေ့ကြရပြီး ယင်းတို့နောက်တွင် အပ်ချုပ်စက်ကိုင်အော်ပရေတာမဟုတ်သူများ (non – SMOs) က (၈ ရာခိုင်နှုန်း) လျော့နည်းကာ၊ ခေါင်းဆောင်ကြီးကြပ်ရေးမှူးများသည် (၁၃ ရာခိုင်နှုန်း) လျော့နည်းပါသည်။

လစဉ်ရရှိသည့် လုပ်ခလစာ အများဆုံးလျော့နည်းခြင်း (၄၀ ရာခိုင်နှုန်း) ကို ကြုံတွေ့ရသည့် အစုအဖွဲ့သည် တစ်ဆင့်ခံစာချုပ်

39 ခက်၊ ၂၀၁၈ ခုနှစ်။
40 ပြည်နယ်အချို့တွင် အထူးအများပြည်သူအလုပ်ပိတ်ရက်များအပါအဝင်။
41 အာဆီယံနိုင်ငံများ၏ အများပြည်သူအလုပ်ပိတ်ရက်၊ ၂၀၂၀ ခုနှစ်၊ https://qppstudio.net/publicholidays2020/asean.htm
42 **4041 codes
43 အလုပ်ရှင်များနှင့် အဓိကအရေးကြီးသည့် လူတွေ့မေးမြန်းခြင်းများ (KII)၊ ရန်ကုန်၊ ၂၀၂၀ ခုနှစ်။

ချုပ်ဆိုလုပ်ကိုင်သည့် စက်ရုံများတွင်လုပ်ကိုင်လျက်ရှိသောသူများဖြစ်ပါသည်။ ယင်းနှင့်နှိုင်းယှဉ်ပါက၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်းမရှိသည့်စက်ရုံများမှ အလုပ်သမားများ၏ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင်ရရှိသည့် စုစုပေါင်းလုပ်ခလစာကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက၊ ၆ ရာခိုင်နှုန်းသာ လျော့နည်းပါသည်။ ၆ ရာခိုင်နှုန်းသာ လျော့နည်းသည့် အလုပ်သမားများနှင့်စပ်လျဉ်းသည့် ဖော်ပြချက်သည် ဤကာလအတွင်း အခက်အခဲများပိုမိုကြုံတွေ့နေရသည့် တစ်ဆင့်ခံစာချုပ်ချုပ်ဆို လုပ်ကိုင်သည့်စက်ရုံများ၏ ယေဘုယျဦးတည်ရာလမ်းကြောင်းကို အထောက်အကူပြုပါသည်။

ထို့အပြင် သေးငယ်သည့်စက်ရုံများသည် အနည်းဆုံးအခကြေးငွေဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်လေ့မရှိဘဲ၊ အလုပ်သမားများအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူ စာချုပ်ရှိကြပေ။ မှတ်သားသင့်သည့်အချက်မှာ အပ်ချုပ်စက်ကိုင်အော်ပရေတာများ၏ အခြေခံလုပ်ခလစာနှင့်ပတ်သက်ပြီး၊ ၂၀၂၀ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလသည် အမှန်ပင်မြင့်မားခဲ့ပါသည်။ ယင်းမတိုင်မီက အချို့သောအလုပ်သမားများသည် အစမ်းခန့်အလုပ်သမားများ အနေဖြင့်ရှိနေခဲ့ပြီး၊ အချိန်ပြည့်အလုပ်သမားများကဲ့သို့ အခြေခံလုပ်ခလစာ အပြည့်အဝမရရှိခဲ့ကြောင်း နောက်ထပ်စုံစမ်းစစ်ဆေးမှုများက ဖော်ပြထားပါသည်။

အစောပိုင်းတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း၊ စက်ရုံများပြန်လည်ဖွင့်လှစ်သည့်နေ့ရက်သည် စစ်ဆေးမှုလုပ်ငန်းစဉ်ပြီးနောက် လက်ခံအတည်ပြုချက် ရရှိပြီးသောအချိန်အပေါ် မူတည်ပါသည်။ ပုံ (၇) တွင် ဖော်ပြထားသည့်အတိုင်း၊ စက်ရုံများအနေဖြင့် ကိုဗစ် – ၁၉ ဆိုင်ရာ ဆောင်ရွက်မှုများလုပ်ဆောင်ရန်အတွက် ပျမ်းမျှအားဖြင့် ၁၆ ရက်ပိတ်ခဲ့ကြပါသည်။

### ပုံ (၈) – စက်ရုံယာယီပိတ်သည့်အချိန်အတွင်း ရရှိသည့်လျော်ကြေး




Mean: 15.9 days

| ရရှိသည့်လျော်ကြေး[44] | ဖြစ်ပေါ်သည့် ကိစ္စရပ်များ၏ ရာခိုင်နှုန်း |
|---|---|
| အခြေခံလုပ်ခလစာ | ၃၅.၄ |
| ပုံမှန်လုပ်ခလစာ (အခြားထောက်ပံ့ကြေးများအပါအဝင်) | ၁၀.၂ |
| လူမှုဖူလုံရေးအဖွဲ့ကပေးသည့် ၄၀ ရာခိုင်နှုန်း | ၄၀.၈ |
| အခြေခံလုပ်ခလစာ၏ ၅၀ ရာခိုင်နှုန်း | ၄.၈ |
| အခြား | ၁၁.၆ |
| မရှိပါ | ၂၅.၉ |

44 ဤကိစ္စရပ်တွင် အလုပ်သမားတစ်ဦးအနေဖြင့် လျော်ကြေးငွေအမျိုးအစားတစ်မျိုးထက်ပိုပြီး ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိချက်များက ဖော်ပြထားပါသည်။ ရာခိုင်နှုန်းအချိုးအစားကို အလုပ်သမားတစ်ဦးအနေဖြင့် စက်ရုံပိတ်ထားသည့်အချိန်ကာလအတွင်း ဖော်ပြထားသည့်စာရင်းပါ လျော်ကြေး/အကျိုးခံစားခွင့်များကို လက်ခံရရှိခြင်း သို့မဟုတ် မရရှိခြင်းအပေါ်တွင် အခြေခံပြီး တွက်ချက်ထားပါသည်။

အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များက ၂၀၂၀ ခုနှစ်၊ မေလနှင့် ဇွန်လအကြား လျော်ကြေးပေးဆောင်သည့်ကာလတွင် ပျမ်းမျှအားဖြင့် အလုပ်သမားများ၏ ၅၀ ရာခိုင်နှုန်းသည် လူမှုဖူလုံရေးအဖွဲ့ကပေးသည့် လျော်ကြေးငွေမရရှိခဲ့ကြကြောင်း ဖော်ပြကြပါသည်။ သုတေသနစစ်တမ်းကောက်ယူရာတွင် တုန့်ပြန်ဖြေကြားသူများအနက် ၈၃ ရာခိုင်နှုန်းသည် လူမှုဖူလုံရေးအဖွဲ့ဝင်ထားသည့် အဖွဲ့ဝင်များဖြစ်ပါသည်။ သို့သော်၊ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ၊ သုတေသနပြုလုပ်ချိန်တွင် ၄၇ ရာခိုင်နှုန်းသာ ဤလျော်ကြေးငွေကို လက်ခံရရှိခဲ့ကြပါသည်။ တုန့်ပြန်ဖြေကြားသူများအနေဖြင့် သုတေသနပြုလုပ်သည့် အချိန်ကာလနောက်ပိုင်းတွင် လျော်ကြေးရရှိခြင်း၊ မရရှိခြင်းနှင့်ပတ်သက်ပြီး မသိရှိပါ။

ကောက်ယူစုဆောင်းထားသည့် အချက်အလက်များအရ၊ စက်ရုံပိတ်သည့်ကာလအတွက် အလုပ်သမားများ၏ ၄ ပုံ ၁ ပုံကျော် (၂၆ ရာခိုင်နှုန်း) သည် မည်သည့်လျော်ကြေးငွေမျှ မရရှိခဲ့ကြပါ။ ဤအလုပ်သမားအစုအဖွဲ့သည် ကိုဗစ် – ၁၉ ကပ်ရောဂါအား တုန့်ပြန်ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အဝင်အထွက်အသွားအလာ ကန့်သတ်ပိတ်ပင်သည့် မူဝါဒများ၏ ရိုက်ခတ်မှုကို အများဆုံးခံစားကြုံတွေ့ရပါသည်။ လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အလုပ်သမားများ၏ တစ်ဝက်အောက်အရေအတွက် (၃၅ ရာခိုင်နှုန်း) သည် အခြေခံလုပ်ခလစာနှင့် အခြားသောထောက်ပံ့ကြေးများ ပါဝင်သည့် အနည်းငယ်မျှသော ပုံမှန်လစာအချိုးအစား (၁၀ ရာခိုင်နှုန်း) ကို ရရှိကြပါသည်။ အလုပ်သမားများဝင်ငွေ၏ အမြင့်မားဆုံးသော ဝေစုရှယ်ယာ (၄၀ ရာခိုင်နှုန်း) သည် လူမှုဖူလုံရေးအဖွဲ့ကပေးသည့်လျော်ကြေးငွေမှ ဖြစ်ပါသည်။ အစီရင်ခံတင်ပြထားသော အခြားလျော်ကြေးငွေပုံစံများတွင် မြန်မာနိုင်ငံသားပိုင် အသေးစားစက်ရုံများတွင် လုပ်ဆောင်လေ့ရှိသည့် အစားအစာထောက်ပံ့ပေးခြင်းကဲ့သို့သော ငွေကြေးမဟုတ်သည့်အရာများ ပါဝင်ပါသည်။

ကပ်ရောဂါ၏ရိုက်ခတ်မှု လျော့ပါးသက်သာစေရန်အတွက်၊ မြန်မာနိုင်ငံ၏ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် လုပ်သားဈေးကွက်တွင် အလုပ်သမားများအား ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေးအတွက် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်း များကို ထောက်ပံ့ပေးရန် မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၇၀) ရန်ပုံငွေတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤရန်ပုံငွေသည် ဖြတ်၊ ချုပ်၊ ထုပ်ပိုးခြင်း (CMP) လုပ်ဆောင်သည့် အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ကို ဦးစားပေးအနေဖြင့် ထိခိုက်နစ်နာမှုရှိခဲ့သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းစေရေးအတွက် ချေးငွေတစ်ရပ်ကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍသည် ဖြတ်၊ ချုပ်၊ ထုပ်ပိုးခြင်း (CMP) လုပ်ငန်းပြီးနောက်တွင် ချေးငွေအများဆုံးရရှိသည့်လုပ်ငန်းကဏ္ဍဖြစ်ကြောင်း အစီရင်ခံဖော်ပြကြပါသည်။[45]

ဥရောပသမဂ္ဂသည် အထည်ချုပ်လုပ်ငန်းကဏ္ဍအပေါ် ကိုဗစ် – ၁၉ ၏ ရိုက်ခတ်မှုကို တုန့်ပြန်ရန်အတွက် ပါဝင်သက်ဆိုင်သူအမျိုးမျိုးပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကနဦးခြေလှမ်းတစ်ခုဖြစ်သော အီးယူမြန်ကူရန်ပုံငွေအစီအစဉ်ကို ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်ကူသည် အထည်ချုပ်/ခြေဝတ်ပစ္စည်း/အထည်အလိပ်လုပ်ငန်းများမှ အလုပ်သမား ၃၄၀၀၀ ကို ပံ့ပိုးပေးခဲ့ပြီး၊ အကျိုးခံစားရရှိသူများ၏ ၈၄ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပါသည်။[46] ဤသုတေသနလုပ်ငန်းဆောင်ရွက်သည့်အချိန်တွင် မြန်ကူရန်ပုံငွေသည် ထောက်ပံ့မှုပေါင်း ၆၀၄၆၄ ကို Wave Money[47] တစ်ဆင့် ၃၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၂) မှ ၂၂၅၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၆၁) ထောက်ပံ့မှုအနေအထားအမျိုးမျိုးဖြင့် ပေးပို့ခဲ့ပြီး၊ စုစုပေါင်းမြန်မာကျပ်ငွေ ၄.၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃.၃ သန်း) ရှိပါသည်။

အိုင်အယ်(လ်)အို၏ ပံ့ပိုးမှုအားဖြင့် စက်မှုလုပ်ငန်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများဖြင့် ဖွဲ့စည်းထားသည့် ယာယီအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှု (Global Call for Action) ကို ဖွဲ့စည်းခဲ့ပြီး၊ ၂၀၂၀ ခုနှစ်၊ ဧပြီလတွင်

45 Myanmar Insider, July 2020

46 Smart Textile & Garments, Sequa, EU Nexus Response for Myanmar and UNOPS, 2020. ပိုမိုသိရှိလိုပါက၊ https://smartmyanmar.org/en/news/eu-myan-ku-fund-issues-over-54-billion-mmk-in-support-to-garment-factory-workders ကို ကြည့်ပါ။

47 Wave money ဆိုသည်မှာ မိုဘိုင်းဖုန်းအားဖြင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးမှ အခြားတစ်ဦးသို့လည်းကောင်း ငွေလွှဲပေးပို့သည့် ဒီဂျစ်တယ်နည်းစနစ်ပုံစံတစ်ခုဖြစ်ပါသည်။

ယင်းအဖွဲ့ကို “ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအနှောင့်အယှက်ဖြစ်မှုကို ဆက်လက်ရှင်သန်စေရေးအတွက် ကုန်ထုတ်လုပ်သူများအား ပံ့ပိုးကူညီရန်နှင့် အထည်ချုပ် အလုပ်သမားများ၏ ဝင်ငွေ၊ ကျန်းမာရေးနှင့် အလုပ်အကိုင်တို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ်လုပ်ငန်းတစ်ခုလုံး၏ ဆောင်ရွက်မှုကို အထောက်အကူပြုစေရေး” ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်အတူ လက်ခံအတည်ပြုခဲ့ပါသည်။[48] အဓိကရည်ရွယ်ချက်မှာ အလုပ်သမားများအား ပံ့ပိုးကူညီရန်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပံ့ပိုးရန် နိုင်ငံတကာငွေကြေးဆိုင်ရာ အသင်းအဖွဲ့များနှင့် အလှူရှင်များထံမှ အရင်းအမြစ်များအဆင်ပြေချောမွေ့စွာ ရရှိစေနိုင်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှု (Global Call for Action) အဌမဦးစားပေးနိုင်ငံများထဲမှ နိုင်ငံတစ်ခုဖြစ်ပါသည်။

## ၄. ၂။ အလုပ်အကိုင်အဆင့်များနှင့် လုပ်ငန်းခွင်အခြေအနေများ

### အလုပ်အကိုင်လျှော့ချခြင်း

လူမှုဖူလုံရေးအဖွဲ့၏ဖော်ပြချက်အရ၊ ကပ်ရောဂါကြောင့်၊ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၊ မေလမှ စ၍၊ လုပ်ငန်းကဏ္ဍအားလုံးရှိ အာမခံထားရှိသော အလုပ်သမား ၁၅၀၀၀၀ ကျော် အလုပ်ထုတ်ပယ်ခံခဲ့ကြရပါသည်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ စက်ရုံပေါင်း ၆၅ ခု ပိတ်ခဲ့ရပြီး၊ စက်ရုံပေါင်း ၁၇၅ ခုတွင် လုပ်သားထုအင်အားလျှော့ချခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့အရင်းအမြစ်ဝန်ကြီးဌာနက ဖော်ပြထားပါသည်။ ရလဒ်အနေဖြင့် အလုပ်သမားပေါင်း ၄၂၃၉၅ ဦးသည် အလုပ်ထုတ်ပယ်ခံခဲ့ကြရပါသည်။

ဇယား (၄) က အလုပ်သမားစုစုပေါင်းအရေအတွက်နှင့် အမှန်တကယ်ရရှိသည့် ပျမ်းမျှအခကြေးငွေများ၏ ပြောင်းလဲမှုအနေအထားများကို ဖော်ပြထားပါသည်။ အစောပိုင်းတွင် သတ်မှတ်ဖော်ထုတ်ပြသထားသည့်အတိုင်း၊ ကိုရီးယားနိုင်ငံသားပိုင်စက်ရုံများသည် အချိန်ပိုလုပ်ကိုင်မှု အများဆုံးလျှော့ချပါသည်။ လုပ်သားထုအင်အားလျှော့ချမှုနှင့်ပတ်သက်၍လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ ဇွန်လကို နှိုင်းယှဉ်ပါက ၎င်းစက်ရုံများသည် လုပ်သားထုအင်အား လျှော့ချမှုအများဆုံး (၁၈ ရာခိုင်နှုန်း) ဖြစ်ကြောင်း မြင်တွေ့ရပါသည်။ အချို့သောစက်ရုံများသည် ကုန်ထုတ်လုပ်သည့် အလုပ်သမားတစ်ဦးချင်းအလိုက်[49] အခကြေးငွေပေးခြင်းအတွက် ကုန်ကျစရိတ်လျှော့ချသည့် အခြေအနေများရှိခဲ့ကြပါသည်။ ဇယား (၄) တွင် ဖော်ပြထားသည့်အတိုင်း၊ မြန်မာနိုင်ငံသားပိုင်စက်ရုံများသည် အနည်းဆုံးလျော့နည်း ကျဆင်းမှု (၃ ရာခိုင်နှုန်း) နှင့် တောင်ကိုရီးယားနိုင်ငံသားပိုင်စက်ရုံများသည် အများဆုံးလျော့နည်းကျဆင်းမှု (၁၄ ရာခိုင်နှုန်း) ရှိကြောင်း မှတ်တမ်းတင်ထားပါသည်။ စိတ်ဝင်စားဖွယ်ကောင်းစွာပင် တရုတ်နိုင်ငံသားပိုင်စက်ရုံများသည် အချိန်ပိုလုပ်ကိုင်မှုအတွက် ကုန်ကျစရိတ် ၆ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲထားကြောင်း မှတ်တမ်းတင်ထားပါသည်။ ယင်းနှင့်ပတ်သက်ပြီး၊ မေလတွင် စက်ရုံပြန်လည်ဖွင့်လှစ်ပြီးနောက်တွင် စက်ရုံအနေဖြင့် ကုန်ပစ္စည်းပေးသွင်းသူ/ကုန်အမှတ်တံဆိပ်တို့၏ ကုန်ပစ္စည်းမှာယူမှုအတွက် ပေးပို့ရမည့်ရက်အမီပေးပို့နိုင်ရန်အတွက် အချိန်ပိုလုပ်ကိုင်သည့်နာရီ တိုးမြှင်ခဲ့သည်ဟူသော အချက်အလက်အားဖြင့် ရှင်းလင်းဖော်ပြနိုင်ပါသည်။

48 အိုင်အယ်(လ်)အို၊ ၂၀၂၀ ခုနှစ်။

49 ဤသုတေသနလေ့လာမှု၏ရည်ရွယ်ချက်အလို့ငှာ၊ ကုန်ထုတ်လုပ်သည့်အလုပ်သမားဟူသည်မှာ စက်ရုံ၏ ကုန်ထုတ်လုပ်မှုအပိုင်းကို ပြီးမြောက်အောင်လုပ်ဆောင်ရန် တာဝန်ကန့်သတ်ခြင်းခံရသည့် အလုပ်သမားကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

### ဇယား (၄) – ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ ဖွေလအကြား ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး စက်ရုံများ၏ တုန့်ပြန်ပြောကြားမှုများ

| | တရုတ်နိုင်ငံသားပိုင် | | | မြန်မာနိုင်ငံသားပိုင် | | | တောင်ကိုရီးယားနိုင်ငံသားပိုင် | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဖွေ | ပြောင်းလဲမှု (%) | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဖွေ | ပြောင်းလဲမှု (%) | ၂၀၁၉၊ နိုဝင်ဘာ | ၂၀၂၀၊ ဖွေ | ပြောင်းလဲမှု (%) |
| ကုန်ထုတ်လုပ်သည့် အလုပ်သမားစုစုပေါင်း အရေအတွက် | ၉၅၈ | ၈၃၈ | -၁၃% | ၁၄၁၆ | ၁၃၃၉ | -၅% | ၆၀၆ | ၄၉၈ | -၁၈% |
| ကုန်ထုတ်လုပ်သည့် အလုပ်သမားတစ်ဦး ပျမ်းမျှရရှိသည့် အခကြေးငွေများ (MMK) **[50] | ၂၃၅၇၈၅ (USD ၁၆၉) | ၂၄၉၂၇၁ (USD ၁၇၉) | ၆% | ၂၂၉၆၉၇ (USD ၁၆၅) | ၂၂၃၀၇၈ (USD ၁၆၀) | -၃% | ၂၅၅၇၇၆ (USD ၁၈၃) | ၂၂၀၈၈၄ (USD ၁၅၈) | -၁၄% |
| ကုန်ထုတ်လုပ်သည့် အလုပ်သမားတစ်ဦး ပျမ်းမျှရရှိသည့် အချိန်ပိုကြေး (MMK) ** | ၅၆၂၇၈ (USD ၄၀) | ၅၁၃၇၀ (USD ၃၈) | -၉% | ၆၇၁၁၃ (USD ၄၈) | ၆၆၂၀၀ (USD ၄၇) | -၁% | ၄၉၅၀၅ (USD ၃၆) | ၅၃၂၁၃ (USD ၃၈) | ၇% |

ဇယား (၅) တွင် ဖော်ပြထားသည့်အတိုင်း၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၇ ရက်နှင့် ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၀ အကြား၊ ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့ပြီးနောက် တစ်လအောက်လျော့နည်းသည့်အချိန်ကာလအတွင်း၊ စက်ရုံ ၁၅ ခုသည် အမြဲတမ်း သို့မဟုတ် ယာယီပိတ်ခဲ့ရပြီး၊ စက်ရုံပေါင်း ၅၇ ခုသည် ၎င်းတို့၏ လုပ်သားထုအင်အားကို သိသိသာသာ လျှော့ချခဲ့ပါသည်။ သို့ဖြစ်၍၊ အလုပ်သမားပေါင်း ၂၂၀၀၀ ဦးသည် အလုပ်ထုတ်ပယ်ခံခဲ့ရပါသည်။[51] အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍၊ ပြီးပြည့်စုံသည့် အချက်အလက်များမရရှိခြင်းကြောင့် မည်သည့်ကုမ္ပဏီများသည် ထိခိုက်နစ်နာမှုအရှိဆုံးဟူ၍ ခန့်မှန်းရန်မှာ ခက်ခဲလှပါသည်။ ထို့အပြင်၊ ထိုအလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ၈၂ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ခြင်းကြောင့် ထိုအနေအထားက အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အမျိုးသမီးများ၏ ပါဝင်မှုအချိုးအစားကို ထင်ဟပ်စေပါသည်။ လုပ်သားထုအင်အားလျှော့ချခြင်းနှင့်ပတ်သက်ပြီး မေးမြန်းသောအခါတွင် စက်ရုံများက လုပ်သားထုအင်အား လျှော့ချကြောင်း အလုပ်သမားများ၏ ၃၂ ရာခိုင်နှုန်းက အစီရင်ခံတင်ပြကြပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ စက်ရုံများ၏ လက်ရှိလုပ်သားထုအင်အား ပျမ်းမျှအရွယ်အစားသည် ၉၉၇ ဦးဖြစ်ကာ၊ ပျမ်းမျှအားဖြင့် ၁၀ ရာခိုင်နှုန်းလျှော့ထားကြောင်း ဖော်ညွှန်းနေပါသည်။

---

50 ၂၀၂၀ ခုနှစ်၊ ဖွေလ နှင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွက် စက်ရုံ၏အမှန်တကယ်ကုန်ကျသည့် အခကြေးငွေပေးဆောင်ခြင်း အတွက်အသုံးစရိတ်အပေါ်အခြေခံပြီး တွက်ချက်မှုနှင့် အလုပ်သမားအရေအတွက်

51 အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၂၀ ခုနှစ်၊

### ဇယား (၅) – (၂၀၂၀ ခုနှစ်၊ မတ်လ ၁၇ ရက်နှင့် ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၀ ရက်အတွင်း) အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားအရေအတွက်

| | ပိုင်ဆိုင်မှု | စက်ရုံ အရေအတွက် | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
|---|---|---|---|---|---|
| လုပ်သားထုအင်အား လျှော့ချခြင်းကြောင့် အလုပ်ထုတ်ပယ်ခြင်း | တရုတ် (ဟောင်ကောင်အပါ အဝင်) | ၂၅ | ၇၉၂ | ၈၅၄၇ | ၉၃၃၉ |
| | တောင်ကိုရီးယား | ၅ | ၁၂၆ | ၁၁၁၇ | ၁၂၄၃ |
| | မြန်မာ | ၁၂ | ၁၆၂ | ၁၄၉၃ | ၁၆၅၅ |
| စက်ရုံပိတ်ခြင်းကြောင့် အလုပ်ထုတ်ပယ်ခြင်း | တရုတ် (ဟောင်ကောင်အပါ အဝင်) | ၈ | ၂၉၇ | ၃၇၂၆ | ၄၀၂၃ |
| | မြန်မာ | ၅ | ၂၄၆၆ | ၁၇၈၉ | ၄၂၅၅ |
| | ဖက်စပ် | ၁ | ၅၁ | ၃၃၈ | ၃၈၉ |
| | အခြားအာဆီယံနိုင်ငံများ | ၁ | ၆၇ | ၁၂၇၁ | ၁၃၃၈ |

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဂျပန်နိုင်ငံသားပိုင်စက်ရုံမှ တုန့်ပြန်ဖြေကြားသူများက ၎င်းတို့အနေဖြင့် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် လုပ်သားထုအင်အား လျှော့ချခြင်းမပြုလုပ်ခဲ့ကြောင်း ဖော်ပြကြပါသည်။ ယင်းနှင့်နှိုင်းယှဉ်ပါက၊ အရှေ့တောင် အာရှနိုင်ငံများအသင်း (ASEAN) အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားပိုင်စက်ရုံများ[52]မှ တုန့်ပြန်ဖြေကြားသူများက ၎င်းတို့၏လုပ်သားထုအင်အားကို လျှော့ချခဲ့ကြောင်း ဖော်ပြကြပါသည်။ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ကုန်အမှာစာများလျော့နည်း သွားခြင်း သို့မဟုတ် ကုန်အမှာစာများမရှိသည့် အခြေအနေမျိုးနှင့်ကြုံတွေ့ရပါက အလုပ်သမားများအား အလုပ်ထုတ်ပယ်ရန် လိုလားကြပြီး၊ အလုပ်သမားများကို ပြန်လည်ငှားရမ်းခန့်အပ်ကြပါသည်။ အကြောင်းမှာ လုပ်သားဈေးကွက်တွင် အလုပ်သမားများ ပိုလျှံနေခြင်းကြောင့်ဖြစ်ပါသည်။[53]

၂၀၂၀ ခုနှစ်၊ ဧပြီလနှင့် မေလတို့တွင် အများပြည်သူအလုပ်ပိတ်ရက်ကာလရှည်ကြခြင်း၊ မိမိတို့အိမ်တွင် သာနေထိုင်ရမည် ဟူသောအမိန့်များထုတ်ပြန်ခြင်းနှင့် လှုပ်ရှားသွားလာမှုဆိုင်ရာကန့်သတ်ချက်များကြောင့်ဧပြီလတွင်အချိန်ကြာမြင့်သည့် အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း မိမိတို့အိမ်များသို့ ပြန်သွားကြသည့် ရွှေ့ပြောင်းအလုပ်သမားများစွာအဖို့ စက်ရုံများပြန်လည်ဖွင့်လှစ်ပြီဖြစ်သော်လည်း၊ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိခဲ့ကြပေ။ ထိုကဲ့သို့သော ကိစ္စရပ်မျိုးတွင် အလုပ်ရှင်အနေဖြင့် အလုပ်ထုတ်နစ်နာကြေးပေးဆောင်ရန်မလိုအပ်ပါ။

52 စက်ရုံများကို အာဆီယံအောက်တွင် အစုအဖွဲ့အနေဖြင့်ထားရှိကာ၊ ယင်းအစုအဖွဲ့တွင် ထိုင်း၊ အင်ဒိုနီးရှား၊ စင်္ကာပူနှင့် မလေးရှားတို့ပါဝင်ပါသည်။

53 အလုပ်ရှင်များနှင့် အဓိကအရေးကြီးသည့် လူတွေ့မေးမြန်းခြင်းများ၊ ရန်ကုန်၊ ၂၀၂၀ ခုနှစ်။

## ပုံ (၉) – စက်ရုံပိုင်ဆိုင်သူနိုင်ငံသားကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုရည်မှန်းချက်များနှင့်ပတ်သက်ပြီး ပျမ်းမျှပြောင်းလဲမှု အနေအထား




ပုံ (၉) သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ ဇွန်လတို့ကိုနှိုင်းယှဉ်လျက် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ ပြောင်းလဲမှုများကို ထုတ်ဖော်ထားခြင်းကြောင့် အထည်ချုပ်စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအပေါ် ကိုဗစ် – ၁၉ က မည်သို့ ရိုက်ခတ်ကြောင်းနှင့်ပတ်သက်ပြီး၊ အခြားရှုထောင့်မှနေ၍ ဖော်ပြထားပါသည်။ ဤစိစစ်စိတ်ဖြာမှုအတွက် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များသည် ကုန်ထုတ်လုပ်မှုလိုင်းတစ်ခုချင်းစီတွင် အလုပ်သမားများပေးအပ်ရန်လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် အရေအတွက်ကို ရှင်းလင်းဖော်ပြထားပါသည်။ ဂရပ်မျဉ်းက ကိုရီးယားနှင့် တရုတ်ပိုင်စက်ရုံများတွင် ပြောင်းလဲမှုများ မည်သို့မရှိကြောင်းနှင့် ဂျပန်နိုင်ငံသားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံသားများပိုင်စက်ရုံများတွင် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ တိုးတက်လာမှုအနေအထားများနှင့်ပတ်သက်ပြီး ဖော်ပြထားပါသည်။ သို့သော်၊ မြန်မာနိုင်ငံသားပိုင် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့် စက်ရုံများအနေဖြင့် ကုန်ထုတ်လုပ်မှုရည်မှန်းချက် ကျဆင်းမှုများနှင့် ကြုံတွေ့ကြရပါသည်။

သုတေသနစစ်တမ်းကောက်ယူသည့် အချိန်တွင်၊ အလုပ်သမား ၁၉ ရာခိုင်နှုန်းက ၎င်းတို့၏ မန်နေဂျာ သို့မဟုတ် အလုပ်ရှင်က နောက် ၃ လအကြာတွင် လုပ်သားထုအင်အားလျှော့ချမည့် သင်္ကေတလက္ခဏာကို ဖော်ပြကြသည်ဟု ဆိုပါသည်။ ပုံ (၈) တွင် ဖော်ပြထားသည့်အတိုင်း၊ သုတေသနစစ်တမ်းတွင်ပါဝင်သည့် အလုပ်သမား ၄ ပုံ ၁ ပုံသည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့်နှိုင်းယှဉ်ပါက ၎င်းတို့၏ အလုပ်အကိုင် မတည်မြဲမှုအနေအထားနှင့်ပတ်သက်ပြီး စိုးရိမ်ခံစားမှုများ ဖြစ်ပေါ်ခံစားခဲ့ကြရကာ၊ ကိုဗစ် – ၁၉ သည် အလုပ်သမားများအကြား အလုပ်အကိုင်မတည်မြဲမှုနှင့်စပ်လျဉ်းသည့် စိုးရိမ်မှုကို မြင့်မားစေကြောင်း ဖော်ပြပါသည်။ သုတေသနစစ်တမ်းကောက်ရာတွင် ပါဝင်သည့် အလုပ်သမားတစ်ဝက်ကျော် (၆၀ ရာခိုင်နှုန်း) က လုပ်ငန်းခွင်တွင်ဖြစ်ပေါ်သည့် ၎င်းတို့၏ စိတ်ဖိစီးမှုအဆင့်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့်နှိုင်းယှဉ်ပါက မြင့်မားလာကြောင်း ဖော်ပြကြပါသည်။ စိတ်ဖိစီးမှုအဆင့်မြင့်မားလာခြင်းသည် စက်ရုံများကနဦးပိတ်လိုက်ခြင်း၊ မှာယူထားသည့် ကုန်ပစ္စည်းရည်မှန်းချက်များ အချိန်မီမပြီးမြောက်မည်ကိုစိုးရိမ်သည့် ဖိအားပေးမှုများ၊ စက်ရုံများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့် ပုံစံအနေအထားသစ်များ၊ သောင်းပြောင်းထွေလာ စိတ်ဖိစီးမှုများနှင့် ကပ်ရောဂါကပေးသည့် စိတ်သောကများကြောင့်ဖြစ်ကြောင်း အစီရင်ခံဖော်ပြကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကိုဗစ် – ၁၉ ကြောင့် ထိခိုက်မှုအများဆုံးဖြစ်သည့် လူမှုအသိုက်အဝန်းများကို ပံ့ပိုးကူညီရန်အတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများနှင့်စပ်လျဉ်းပြီး၊ ကုလသဂ္ဂလူဦးရေရန်ပုံငွေ (UNFPA) ထံမှ လေ့ကျင့်သင်ကြားမှုများကို ခံယူခဲ့ပါသည်။[54]

54 UNFPA, 2020

## ပုံ (၁၀) – အလုပ်အကိုင်တည်မြဲမှုနှင့်ပတ်သက်ပြီး အလုပ်သမားများ၏ သိမြင်နားလည်မှု







### လုပ်ငန်းခွင်အခြေအနေများ

အလုပ်အကိုင်အခြေအနေများနှင့်စပ်လျဉ်း၍၊ ရုပ်ပိုင်းဆိုင်ရာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကိုဗစ် – ၁၉ ဆိုင်ရာ ဆောင်ရွက်မှုများကို ချိန်ညှိဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တုန့်ပြန်ဖြေကြားသူများက မီးမောင်းထိုးပြပါသည်။ စက်ရုံများတွင်၊ အလုပ်သမားများအနေဖြင့် နှာခေါင်း စည်းများနှင့် မျက်နှာအကာများကို တစ်လုံးဝတ်ဆင်ထားရပြီး၊ ၎င်းတို့အလုပ်လုပ်ကိုင်သည့် နေရာများကိုလည်း ပြောင်းလဲမှုများပြုလုပ်ထားကာ၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်းတစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထိတွေ့ပြောဆိုဆံဆက်၍ မရပါ။

လူတွေ့မေးမြန်းရာတွင်ပါဝင်ပြီး အလုပ်ကိုင်ဆုံးရှုံးသွားသော အလုပ်သမားက ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့နေချိန်အတွင်း အလုပ်အကိုင်အသစ်ရှာဖွေခြင်းသည် မိမိတို့တွင်ရှိသည့် ကျွမ်းကျင်မှုများနှင့် ကိုက်ညီမှုမရှိသည့် အလုပ်အကိုင်များကြောင့် စိန်ခေါ်မှုများရင်ဆိုင်ရကြောင်း အစီရင်ခံတင်ပြကြပါသည်။ အချို့သောစက်ရုံများသည် ကျွမ်းကျင်မှုမြင့်မားသည့် စက်ချုပ်သမားများကို အလုပ်ခန့်အပ်ရန် ရှာဖွေလျက်ရှိသော်လည်း အလုပ်လက်မဲ့ဖြစ်သွားသည့် အလုပ်သမားအများစုသည် ကျွမ်းကျင်မှုနည်းပါးသည့် အပ်ချုပ်စက်ကိုင်အော်ပရေတာများ သို့မဟုတ် အခြားကျွမ်းကျင်မှုစွမ်းရည်ရှိသည့် အော်ပရေတာများဖြစ်ပါသည်။ အလုပ်သမားများက အလုပ်သမားသမဂ္ဂအဖွဲ့ဝင် အလုပ်သမားများ၊ အသက် ၄၀ အထက် အမျိုးသမီးများနှင့် အမျိုးသားအလုပ်သမားများအား ခန့်အပ်ရန်မလိုလားသည့် ဘက်လိုက်မှုများရှိကြောင်းကိုလည်း ဖော်ပြကြပါသည်။ ကိုဗစ် – ၁၉ သည် ဤခွဲခြားဆက်ဆံမှုပြုသည့် အလေ့အကျင့်များကို ပိုမိုအားကောင်းစေပါသည်။

ကပ်ရောဂါဖြစ်ပေါ်နေစဉ်အချိန်အတွင်း လုပ်ငန်းခွင်များတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ပြောင်းလဲမှုအမျိုးအစားနှင့်ပတ်သက်ပြီး၊ သုတေသနစစ်တမ်းကောက်ယူရာတွင်ပါဝင်သည့် အလုပ်သမားများကို မေးမြန်းသောအခါတွင်၊ ပြောင်းလဲမှုမှာ လုပ်ငန်းခွင်တွင် အချိန်ပိုအလုပ်ချိန်လျော့နည်းသွားပြီး နောက်တွင် ကိုဗစ် – ၁၉ ဆိုင်ရာ ပိုမိုတင်းကြပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းဖြစ်ကြောင်း အများစုက ဖော်ပြကြပါသည်။ အခြားတင်ပြသည့် ပြောင်းလဲမှုမှာ ဆုကြေးများနှင့် လုပ်ခလစာနှင့် စပ်လျဉ်းသည့် အခြားသောပေးဆောင်မှုများတွင် လျော့နည်းမှုများဖြစ်ပေါ်ခြင်းပင် ဖြစ်ပါသည်။

## ပုံ (၁၁) – လုပ်ငန်းခွင်တွင် ကိုဗစ် – ၁၉ ၏ ရိုက်ခတ်မှုများ[55]




စက်ရုံအနေဖြင့် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်းကဲ့သို့သော ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များကိုလေးစားလိုက်နာမှု ရှိမရှိနှင့်ပတ်သက်ပြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) က စစ်ဆေးမှုများလုပ်ဆောင်သော်လည်း၊ အလုပ်သမားများစက်ရုံမှ ထွက်ခွာသွားသောအခါတွင် ဖြစ်ပျက်မည့်အနေအထားနှင့်ပတ်သက်ပြီး စဉ်းစားသုံးသပ်ရန် အရေးကြီးကြောင်း အလုပ်ရှင်တစ်ဦးက ရှင်းလင်းဖော်ပြပါသည်။ လူတွေ့မေးမြန်းခံရသူတစ်ဦးက အလုပ်ချိန်ပြီးနောက်တွင် အလုပ်သမားများ၏ အဆောင်များတွင်လည်းကောင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးဖြစ်သည့် ဘတ်(စ်)ကား၊ ရထားစသည်တို့တွင်သော်လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင်သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သည့် အလေ့အကျင့်ကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုကို ရည်ညွှန်းဖော်ပြပါသည်။ လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အလုပ်ရှင်တစ်ချို့က ရှင်းလင်းဖော်ပြထားသည့်အတိုင်း ကိုဗစ် – ၁၉ က ဆောင်ကြဉ်းပေးလာသည့် အခြားပြောင်းလဲမှုတစ်ရပ်မှာ ဒီဂျစ်တယ်နည်းဖြင့် ဖြေရှင်းမှုများကို အသုံးပြုခြင်းပင် ဖြစ်ပါသည်။ ယခင်အချိန်တွင် အလုပ်သမားများအား ဒီဂျစ်တယ်နည်းဖြင့် လုပ်ခလစာပေးသည့် CB Pay သို့မဟုတ် KBZ Pay စနစ်ကို လက်ခံဖို့အတွက် စည်းရုံးသိမ်းသွင်းရသည်မှာ ခက်ခဲလှပါသည်။ သို့သော်၊ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများအကြား ဒီဂျစ်တယ်နည်းဖြင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ထောက်ခံအားပေးသည့် အခွင့်အလမ်းတစ်ရပ် ထွက်ပေါ်လာခဲ့ပါသည်။[56]

55 ဤမေးခွန်းများသည် တုန့်ပြန်ဖြေကြားသူများအဖို့ ရွေးချယ်စရာအမျိုးမျိုးကို ရွေးချယ်ရန် အထောက်အကူဖြစ်စေခဲ့ပါသည်။
56 FDG with employers

# ၅။ နိဂုံး

ဤသုတေသနလေ့လာမှုသည် ၂၀၂၀ ခုနှစ်၊ ကပ်ရောဂါဖြစ်ပေါ်နေစဉ်အချိန်ကာလအတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများနှင့် အလုပ်ရှင်များ၏ ပကတိအခြေအနေများကို စူးစမ်းရှာဖွေဖော်ထုတ်ခဲ့ပါသည်။ ဆက်လက်ဖော်ပြမည့်အပိုင်းသည် ဤသုတေသနလေ့လာမှု၏ အဓိကတွေ့ရှိချက်များနှင့် အနာဂတ်မူဝါဒဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများအတွက် သင်ခန်းစာများကို ဖော်ပြထားပါသည်။

သုတေသနလေ့လာမှုရလဒ်များက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ ဇွန်လအကြား (စက်ရုံများ အပြည့်အဝအင်တိုက်အားတိုက်ဆောင်ရွက်သည့် အခြေအနေများအောက်တွင်) တွင် အထည်ချုပ် အလုပ်သမားများအနေဖြင့် ၎င်းတို့၏ လစဉ်အသားတင်ဝင်ငွေ ၈ ရာခိုင်နှုန်းလျော့နည်း ကျဆင်းသွားခြင်းနှင့် ကြုံတွေ့ခံစားရကြောင်း ညွှန်ပြနေပါသည်။ ထို့အပြင်၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့် မြန်မာနိုင်ငံသားပိုင်စက်ရုံများတွင် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများသည် ထိခိုက်နစ်နာမှုအများဆုံးဖြစ်သည့် အစုအဖွဲ့ဖြစ်ပြီး၊ ၎င်းတို့၏ စုစုပေါင်းဝင်ငွေသည် ၄၀ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ပါသည်။ ဝင်ငွေဆုံးရှုံးမှုကို အဓိကဖြစ်ပေါ်စေသည့်အရာမှာ အချိန်ပိုနာရီများ လျော့နည်းသွားခြင်းကြောင့်ဖြစ်ပါသည်။ အလုပ်အကိုင်တည်မြဲရေးနှင့် ဝင်ငွေဆုံးရှုံးမှုများအတွက် စိုးရိမ်ပူပန်ခြင်းနှင့်အတူ၊ ကိုဗစ် – ၁၉ သည် အလုပ်သမားများ၏ စိတ်ဖိစီးမှုအဆင့်များအပေါ် အပျက်သဘောဆောင်သည့် ရိုက်ခတ်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်။

အလုပ်သမားသမဂ္ဂ သို့မဟုတ် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ရှိသည့် စက်ရုံများတွင် လုပ်ကိုင်သည့် အလုပ်သမားများသည် အလုပ်သမားသမဂ္ဂ သို့မဟုတ် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) မရှိသည့် စက်ရုံများတွင်လုပ်ကိုင်သည့် အလုပ်သမားများနှင့် နှိုင်းယှဉ်ပါက၊ အချိန်ပိုနာရီလျော့နည်းမှု နည်းပါးပါသည်။ သို့သော်၊ နမူနာအရွယ်အစား အကန့်အသတ်ဖြင့်ရှိနေခြင်းနှင့် နောက်ထပ်လိုအပ်သည့် အချက်အလက်များမရှိခြင်းတို့ကြောင့် ထိခိုက်ပျက်စီးမှုကို ဤလေ့လာမှုတွင် ဖော်ပြခြင်းမရှိပါ။ အလုပ်သမားသမဂ္ဂနှင့် ညှိနှိုင်းရေးကော်မတီ (WCC) မရှိသည့် စက်ရုံများသည် အသေးစား သို့မဟုတ် နိုင်ငံသားပိုင် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့် စက်ရုံများဖြစ်ပါသည်။

စက်ရုံများအပြည့်အဝ အားတက်သရော ဆောင်ရွက်လုပ်ကိုင်သည့်အခြေအနေများတွင် အလုပ်သမားများဝင်ငွေဆုံးရှုံးရသည့် အခြေအနေအပြင်၊ ဤလေ့လာမှုသည် ၂၀၂၀ ခုနှစ်၊ ဧပြီလ နှောင်းပိုင်းနှင့် မေလ အစောပိုင်းကာလ စက်ရုံများ ယာယီပိတ်သည့်အချိန်အတွင်း အလုပ်သမားအများစု ဝင်ငွေသိသာ ထင်ရှားစွာဆုံးရှုံးသည့် အခြေအနေကို လေ့လာမှတ်သားခဲ့ပါသည်။ အများစုသည် ၎င်းတို့၏ စုစုပေါင်းဝင်ငွေ၏ တစ်ဝက်ကျော် ဆုံးရှုံးရသည့်အခြေအနေများနှင့်ကြုံတွေ့ကြရသော်လည်း တုန့်ပြန်ဖြေကြားသူများအနက် အနည်းဆုံး ၄ ပုံ ၁ ပုံ သည် မည်သည့်လျော်ကြေးမျှမရရှိကြပါ။

ဝင်ထွက်သွားလာမှု ကန့်သတ်ပိတ်ပင်မှုဆိုင်ရာ ဆောင်ရွက်မှုများသည် တုန့်ပြန်ဖြေကြားသူများစွာတို့၏ ဝင်ငွေများကို သိသာထင်ရှားစွာ ရိုက်ခတ်ခဲ့ကြောင်း ဤလေ့လာမှုက လေ့လာမှတ်သားထားပါသည်။ အစိတ်စိတ်အမြွှာမြွှာဖြစ်သည့်

အခက်အခဲအကျပ်အတည်းကို တုန့်ပြန်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်သည့် အန္တရာယ်ဖြစ်နိုင်မှုကို လျော့နည်းစေရန်အတွက် အလုပ်သမားများ၊ ကုန်အမှတ်တံဆိပ်များ၊ အလုပ်ရှင်များနှင့် အစိုးရအပါအဝင် စနစ်တစ်ခုလုံးရှိအစိတ် အပိုင်းအားလုံးတွင် ထိရောက်သည့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုလုပ်ဆောင်ရန် လိုအပ်ပါသည်။

လူတွေ့မေးမြန်းမှုတွင် ပါဝင်ခဲ့သည့်အလုပ်ရှင်များက ကုန်ပစ္စည်းမှာယူမှုတည်ငြိမ်ခြင်းသည် စက်ရုံများအဖို့ ၎င်းတို့၏ လုပ်ငန်းဆက်လက် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အရေးအကြီးဆုံးသောအခြင်းအရာဖြစ်ကြောင်း ဖော်ပြကြပါသည်။ သို့ဖြစ်၍ နိုင်ငံတကာကုန်အမှတ်တံဆိပ်များ၊ ကုန်ပစ္စည်းပေးသွင်းသူများ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများ အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းသည် အခက်အခဲအကျပ်အတည်းကာလအတွင်း အထည်ချုပ် လုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲစွာ ဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်အောင်မြင်မှုရရှိစေမည့် (အနိုင် – အနိုင်) ရလဒ်ရရှိစေရန် လွန်စွာအရေးကြီးလှပါသည်။

အလုပ်အကိုင်ဆုံးရှုံးသူများ သို့မဟုတ် ဝင်သိသာထင်ရှားစွာဆုံးရှုံးသူများအတွက် ဝင်ငွေထောက်ပံ့ပေးသည့် အစီအစဉ် တစ်ရပ်သည် အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အသက်မွေးမှုခက်ခဲခြင်းများကို လျော့ပါးသက်သာစေရေးအ တွက် ဆက်လက်အရေးပါနေဦးမည်ဖြစ်ပါသည်။ ဥရောပသမဂ္ဂ၏ မြန်ကူရန်ပုံငွေသည် ကပ်ရောဂါကြောင့် အလုပ်ထုတ် ပယ်ခံရသည့် အလုပ်သမားများအတွက် အရေးပေါ်ပံ့ပိုးမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ အလုပ်ရှင်များနှင့် အလုပ်သမားနှစ်ဦးနှစ်ဖက်စလုံးက ကိုဗစ် – ၁၉ သည် အလုပ်လက်မဲ့ဖြစ်ခြင်း အတွက် ခိုင်မာသည့်အာမခံအစီအစဉ်တစ်ရပ် လိုအပ်မှုကို သရုပ်ပုံဖော်ပေးခဲ့ပြီးဖြစ်ကြောင်း သဘောတူကြပါသည်။ ယင်းအစီအစဉ်သည် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သည့် အထောက်အပံ့ဖြစ်နိုင်ပါသည်။

အလုပ်အကိုင်ဆုံးရှုံးသည့် အလုပ်သမားများအား ပံ့ပိုးကူညီရန်အတွက် အသက်ဝင်သည့် လုပ်သားဈေးကွက်ဆိုင်ရာ မူဝါဒ များ လိုအပ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းသည် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ သို့မဟုတ် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ကျွမ်းကျင်မှုများကို အမျိုးမျိုးလုပ်ဆောင်နိုင်စွမ်းရှိစေရန်နှင့် လိုအပ်မှုနှင့် ကိုက်ညီမှုရှိစေရန်အတွက် ၎င်းတို့အား အခြားသောလုပ်ငန်းကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်ရန် ပြန်လည် ညွှန်ကြားခြင်းများ လိုအပ်မည်ဖြစ်ပါသည်။

အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အသက်မွေးမှုကို ကာကွယ်စောင့်ရှောက်ရန်အတွက် နှစ်ဦးနှစ်ဖက်အောင်မြင်မှု ရရှိသည့် (အနိုင် – အနိုင်) ဖြေရှင်းမှုရလဒ်ရရှိစေရန် နိုင်ငံတကာကုန်အမှတ်တံဆိပ်များ၊ ကုန်ပစ္စည်းပေးသွင်းသူများ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများအကြား ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် အရေးကြီးကြောင်းကိုလည်း ဤလေ့လာမှုက သရုပ်ပုံဖော်ထားပါသည်။

# ၆။ မှီငြမ်း


Bloomer, Phil, 2020, 'Millions of garment workers face destitute as fashion brands cancel orders.' Reuters Events, Sustainable Business. 24 April 2020. https://www.reutersevents.com/sustainability/millions-garment-workers-face-destitution-fashion-brands-cancel-orders

Centre for Economic and Social Development and Just-Jobs. 2018. Garment Workers and Garment Firms Survey Data. Yangon.

Clean Clothes, 2020, Live-blog: How the Coronavirus affects garment workers in supply chains. Accessed 04 October 2020. https://cleanclothes.org/news/2020/live-blog-on-how-the-coronavirus-influences-workers-in-supply-chains

Fine David, Klier Julia, Mahajan Deepa, Raabe Nico, Schubert Jorg, Singh Navjot, and Ungur Seckin. McKinsey & Co., 2020. "How to rebuild and reimagine jobs amid coronavirus crisis." Accessed 07 September 2020. https://www.mckinsey.com/industries/public-and-social-sector/our-insights/how-to-rebuild-and-reimagine-jobs-amid-the-coronavirus-crisis#

Global New Light of Myanmar, 2020. CMP businesses import raw materials worth $1 billion.

ILO Monitor 2020a, COVID-19, and the world of work. The third edition of Updated estimates and analysis. Accessed 04 September 2020. https://www.ilo.org/wcmsp5/groups/public/@dgreports/@dcomm/documents/briefingnote/wcms_743146.pdf

ILO, 2020b, 'Social Security Board Reforms Enhance and Extend Health Protection in Myanmar', https://www.ilo.org/yangon/press/WCMS_736183/lang--en/index.htm, accessed 25 May 2020.

ILO, 2020c, What is included in a minimum wage. Accessed 03 November 2020. https://www.ilo.org/global/topics/wages/minimum-wages/definition/WCMS_439069/lang--en/index.htm

ILOSTAT (2020). ). Retrieved 02 October 2020, from https://www.ilo.org/shinyapps/bulkexplorer55/?lang=en&segment=indicator&id=EMP2EMP_SEX_OCU_DT_A

IMF. 2020. Kurzaebeit: Germany's Short-Time Work Benefit. Accessed 07 September 2020. https://www.imf.org/en/News/Articles/2020/06/11/na061120-kurzarbeit-germanys-short-time-work-benefit#:~:text=features%20of%20Kurzarbeit%3F-,Kurzarbeit%20is%20a%20social%20insurance%20program%20whereby%20employers%20reduce%20their,more%20for%20workers%20with%20children).

Khat, Leakhena, 2018. Public Holidays: Cambodians Work the Least in ASEAN, Second Least Globally, AEC News Today. Accessed o3 November 2020. https://aecnewstoday.com/2018/public-holidays-cambodians-work-the-least-in-asean-second-least-globally/

Kyaw Htike Soe. 2020 Myanmar Aims for $5 bln from garment export in 2019–2020 F.Y. Global New Light of Myanmar. Accessed 02 September 2020.

Lin, M.Z. (2020). COVID-19 and Myanmar Labour Market. In Aung Thu Nyein and Nay Tun Naing (Eds.) COVID-19 and Myanmar. Institute for Strategy and Policy, Myanmar (in Myanmar Language)

Lipson Rachel, Northend Jess, and Albexreh Jenna. Harvard Kennedy School Malcolm Wiener Centre for Social Policy. 2020. Monitoring the Covid-19 Employment Response: Policy Approaches Across Countries. Accessed 07 September 2020. https://www.hks.harvard.edu/centers/wiener/programs/project-on-workforce/covid-19-employment-response

McNamara, Mei-Ling, 2020, the world's garment workers face ruin as fashion brands refuse to pay $16bn, The Guardian. 08 October 2020. https://www.theguardian.com/global-development/2020/oct/08/worlds-garment-workers-face-ruin-as-fashion-brands-refuse-to-pay-16bn

MGMA, 2020. Press Conference on the 'Current Situation in the Garment Sector.' February 2020 Issue. p.11.

Ministry of Labour, Immigration and Population. 2020. A notification letter of 19 April.

Myint Soe. (December 2019). Growth & development: The Myanmar garment industry during the years of SMART Myanmar II Jan. 2016 – Dec. 2019. Smart Myanmar Presentation. Myanmar Garment Manufacturers Association (MGMA).

Nyein Nyein. 2020. Factory operators can face legal actions unless complied with MIL. Global New Light of Myanmar. Accessed 04 September 2020. https://www.gnlm.com.mm/factory-operators-can-face-legal-actions-unless-complied-with-mil/

Optimum Design, 2020, On-Time Delivery Definition, and Measurement. Accessed 03 November 2020. http://blog.optimumdesign.com/on-time-delivery-defined

Rothwell Jonathan and Van Drie Hannah. 2020. The effect of COVID-19 and disease suppression policies on labour markets: A preliminary analysis of the data. Brookings Institute. Accessed 07 September 2020. https://www.brookings.edu/research/the-effect-of-covid-19-and-disease-suppression-policies-on-labor-markets-a-preliminary-analysis-of-the-data/

Smart Textile & Garments, Sequa, EU Nexus Response for Myanmar and UNOPS, 2020. EU Myan Ku Fund, Status Update and SSB Consultation Meeting. 09 September 2020.

UN Comtrade (HS codes 61 & 62) (2020). Retrieved 2 October 2020, from https://comtrade.un.org/data/

World Bank (June 2020)a. Myanmar Economic Monitor for June 2020: Myanmar in the time of COVID-19. https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-june-2020-myanmar-in-the-time-of-covid-19

World Bank. 2020b. “East Asia and Pacific in the Time of COVID–19” East Asia and Pacific Economic Update (April), World Bank, Washington, DC. Doi: 10.1596/978–1–4648–1565–

World Bank, 2018, Enterprise Surveys. https://datacatalog.worldbank.org/dataset/enterprise–surveys

**ILO Liaison Office in Myanmar**
No 1(A), Kanbae (Thitsar) Road
Yankin Township, Yangon,
Myanmar
Phone +95 1 7336538,  7336539